# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

# တောင်သူလယ်သမားများအနေဖြင့် ဈေးကွက်ဝင်သီးနှံများကို စိတ်ကြိုက်စိုက်ပျိုးနိုင်

# မိမိတို့ဘဝ ပွံ့ဖြိုးတိုးတက်အောင်၊ ချမ်းသာလာအောင် လုံ့လ၊ ဝီရိယ၊ စိတ်ဆန္ဒအပြည့်ဖြင့် ကြိုးစားလုပ်ကိုင်

# တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် အစိုးရအနေဖြင့် ဖန်တီးဖော်ဆောင်ပေးသွားမည်



နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး (၃၆၉)ကောက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ကောက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်တို့ လိုက်ပါလျက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေစိုက်ခင်းသို့ ရောက်ရှိရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ *စာမျက်နှာ ၂ ကော်လံ ၁*

## ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး(၃၆၉)ကေ စိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါးများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါး (၃၆၉)ကေကို ခေတ်မီရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ကောက်ရိတ်သိမ်းနေစဉ်။ (သတင်းစဉ်)





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (၃၆၉) ဧက စိုက်ပျိုးရေးနည်းပညာစခန်း ရှင်းလင်းဆောင်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အလျှင်လိုကျေးရွာမှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) စနစ်ဖြင့် စိုက်ပျိုးထားသည့် ၉၅ ရက်သားရှိ အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (၃၆၉) ဧက ကောက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်သုံးစီးဖြင့် ကောက်ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါခေတ်မီရိတ်သိမ်းခြွေလှေ့စက်များမှာ တစ်နေ့လျှင် လေးဧကနှင့် ခြောက်ဧကအထိရိတ်သိမ်းနိုင်ပြီး လူအားဖြင့် ဆောင်ရွက်ပါက လူ ၁၂ ဦးဖြင့် ရိတ်သိမ်းလျှင် တစ်နေ့တစ်ဧကသာ ပြီးစီးနိုင်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေးနည်းပညာစခန်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၂၀၁၁-၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိုးစပါးစုစုပေါင်း ၁၆၁၃၄၀၇၄ ဧကနှင့် နွေစပါးစုစုပေါင်း ၂၄၇၆၁၂၉ ဧက စုစုပေါင်း ၁၈၆၁၀၂၀၃ ဧက စိုက်ပျိုးခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုမှာ စုစုပေါင်း ဧက ၁၀၁၃၀ ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၌ နွေစပါးစုစုပေါင်း ၂၁၀၀၆ ဧက စိုက်ပျိုးခဲ့ပြီး ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၃၄၀ ပါဝင်စိုက်ပျိုးခဲ့ပါကြောင်း။

ပုလဲသွယ်စပ်မျိုးစပါးများကို နွေစပါးရာသီတွင် ယခုကဲ့သို့ စိုက်ပျိုးနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးရာသီ၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဧက ၁၀၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ဧက ၁၀၀ စုစုပေါင်း ဧက ၂၀၀ ကို စိုက်ပျိုးထုတ်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပုလဲသွယ်စပ်မျိုးစပါး ဧကတစ်သိန်းအထိ တိုးတက်စိုက်ပျိုးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးနှင့် ဘာစမာတီစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀ နှင့် ဘာစမာတီစပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၁၀၀၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုစံပြလယ်ယာ အထူးဇုန်တွင် ပုလဲသွယ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို International Sun Moon Star Co., Ltd. တွင် ဧက ၃၀၀၊ Dagon International Co.,Ltd. တွင် ဧက ၅၀၊ Green Asia Co., Ltd. တွင် ဧက ၁၀၀၊ ဆင်းရွှေလီကုမ္ပဏီလီမိတက်တွင် ဧက ၅၀၊ ကရင်ပြည်နယ်တွင် ၂၅ဧက၊ မွန်ပြည်နယ်တွင် ၂၅ ဧကနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သုံးဧက စုစုပေါင်း ၈၅၃ ဧကကို မျိုးစေ့ထုတ် စိုက်ပျိုးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၁၀၅၃ ဧက ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဖြစ်သည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရေးရာသီ၌ မိုးစပါးစိုက်ပျိုးရန်လျာထား ၁၆၄၀၄၈ ဧကအပေါ် ၁၆၃၂၀၆ ဧက စိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ၈၅ ဒသမ ၆၁ တင်းနှုန်းထွက်ရှိခဲ့၍ စပါးတင်းပေါင်း ၁၃၉ ဒသမ ၇၂ သိန်း ထွက်ရှိခဲ့ပါကြောင်း။

နွေစပါးရာသီတွင် စီမံကိန်းလျာထားချက် ဧက ၁၉၃၈၀ အပေါ် ၂၈-၄-၂၀၁၂ ရက်အထိ ၂၁၀၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရာနှုန်းအားဖြင့် ၁၀၈ ဒသမ ၃၉ ရာခိုင်နှုန်း စိုက်ပျိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ လျာထားချက်ထက် ယခုအချိန် အထိ ၁၆၂၆ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

## လျာထားဆောင်ရွက်

အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ရေးလုပ်ငန်းကို ပုဗ္ဗသီရိမြို့နယ်တွင် ဧက ၅၀၀၊ ဒက္ခိဏသီရိမြို့နယ်တွင် ၃၁၅ဧက၊ ပျဉ်းမနားမြို့နယ်တွင် ၃၆၉ ဧက၊ ဇမ္ဗူသီရိမြို့နယ်တွင် ၃၉၃ ဧက၊ ဥတ္တရသီရိမြို့နယ်တွင် ၄၁ ဧက စုစုပေါင်း ၁၆၁၈ဧက ဖော်ထုတ်နိုင်ခဲ့ပြီး ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ၊ အောင်ချမ်းသာရွာ၊ အလျှင်လိုရွာများတွင် ၆၁၇ဧက၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုတွင် ဧက ၂၅၀၊ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းရွာနှင့် ရန်အောင်မြင်ရွာတို့တွင် ဧက ၆၅၀ စုစုပေါင်း၁၅၁၇ ဧကကိုလည်း ဆက်လက်၍ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

မိုးစပါးသီးနှံစိုက်ပျိုးရာ၌ အထောက်အကူဖြစ်စေရေးအတွက် မြစိမ်းရောင်သမဝါယမအသင်း အစီအစဉ်ဖြင့် မြို့နယ်နှစ်မြို့နယ်တွင် တောင်သူ ၄၃၂ ဦး၏ စိုက်ဧက ၁၇၁၃ ဧကအတွက် ၆၈ ဒသမ ၄၉၀သန်း၊ ဇေယျာသီရိမြို့နယ်တွင် ဇေယျာသီးနှံစုံ စိုက်ပျိုးတိုးမြှင့်ထုတ်လုပ်ရေးကုမ္ပဏီ အစီအစဉ်ဖြင့် တောင်သူ ၈၈၆၃ ဦး၏ စိုက်ဧက ၂၇၃၅၆ ဧကအတွက် ငွေကျပ် ၁၃၆၇ ဒသမ ၈၀၀ သန်း၊ ပုဗ္ဗသီရိမြို့နယ်တွင် အောင်သီရိဖောင်ဒေးရှင်းအစီအစဉ်ဖြင့် တောင်သူ ၆၄၃၄ ဦး၏ စိုက်ဧက ၂၀၂၄၄ ဧကအတွက် ငွေကျပ် ၁၁၂၀ ဒသမ ၈၀ သန်း၊ နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် မြို့နယ်ငါးမြို့နယ်တွင် တောင်သူပေါင်း ၃၃၉၆ ဦးစိုက်ပျိုးသည့် စိုက်ဧက ၁၅၀၂၉ ဧကအတွက် ငွေကျပ် ၅၁၆ ဒသမ ၃၂၀ သန်း စုစုပေါင်း တောင်သူ ၁၉၁၂၅ ဦး၏ စိုက်ဧက ၆၄၃၄၃ ဒသမ ၈၀ ဧကအတွက် ငွေကျပ် ၃၀၇၉ ဒသမ ၄၁၀ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ချေးငွေများအပြေအကျေ ပြန်လည်ရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

**ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ တောင်သူပညာပေး အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး (၃၆၉) ဧက စိုက်ကွင်း၌ စက်ကိရိယာများဖြင့် ထွန်ယက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)**



မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်)

# ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထ

အလုပ်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်၏။ "ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"ဆိုသည့်စကားအတိုင်း အရာရာ ကိုယ်ထင်ရာ၊ ကိုယ်မြင်ရာ ပြောဆိုလုပ်ကိုင်သည့်ခေတ်သည်ကား ကုန်ခဲ့ပြီ။ အများဆန္ဒ၊ အများသဘောဖြင့်လုပ်ကိုင်သည့် ခေတ်အခါသို့ရောက်ရှိနေပြီဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းသာလျှင် လုပ်ငန်းအောင်မြင်ရာအောင်မြင်ကြောင်း လမ်းကြောင်းအမှန်ကို ဖော်ဆောင်ပေးနိုင်ပေလိမ့်မည်။

ပူးပေါင်းဆောင်ရွက်ခြင်းသည် အမှားအယွင်းနည်း၏။ လမ်းကြောင်းအမှန်ကို ဖော်ဆောင်ပေးသည့် အားကိုဖြစ်စေ၏။ ဦးနှောက်တစ်လုံးနှင့်လုပ်သည့်အလုပ်နှင့် ဦးနှောက်ဆယ်လုံးအသုံးပြုလုပ်သည့်အလုပ် မတူ။ ဦးနှောက်တစ်လုံးထက် ဆယ်လုံးကသာ၏။ တစ်ဦးတည်း၊ တစ်ယောက်တည်းက စဉ်းစားဆုံးဖြတ် လုပ်ကိုင်ခြင်းထက် အများနှင့်စဉ်းစားဆုံးဖြတ်လုပ်ကိုင်ခြင်းက အောင်မြင်မှုလမ်းကြောင်းမှန်ကို ရောက်စေနိုင်၏။

"ဆယ်ယောက်ပေါင်းလို့မှ ဆယ်တန်းမအောင်တဲ့သူတွေနဲ့ ပူးပေါင်းဆောင်ရွက်လို့တော့ ဘာထူးမှာတဲ့တုံး" ဟူ၍ ပြောဆိုသူများရှိ၏။ မှန်ပါသည်။ အရည်အချင်းနည်းပါးသူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟု မဆိုလိုပါ။ အရည်အချင်းပြည့်ဝသူများ၊ အတွေ့အကြုံရင့်ကျက်သူများ၊ အတွေးအခေါ် မှန်ကန်သူများနှင့်သာ ပူးပေါင်းဆောင်ရွက်ခြင်းက လိုရာပန်းတိုင်ကို ရောက်နိုင်ပါသည်။ အရည်အချင်းနည်းသူများနှင့် ပူးပေါင်းလုပ်ကိုင်သဖြင့် ပို၍ပင် အမှားအယွင်းဖြစ်နိုင်ပါသေးသည်။

ကမ္ဘာပေါ်တွင် အောင်မြင်နေသောကုမ္ပဏီကြီးများ၊ အဖွဲ့အစည်းများသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းကောင်း၍ အောင်မြင်တိုးတက်နေခြင်းမဟုတ်ပါ။ အများဆန္ဒ၊ အများအကြံဉာဏ်ရယူလုပ်ကိုင်ခြင်းကြောင့်သာ အောင်မြင်နေခြင်းဖြစ်သည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများသည်ပင်လျှင် အများဆန္ဒ၊ အများအယူအဆများကို လက်ခံကျင့်သုံးလုပ်ကိုင်ခဲ့ကြ၍ ကမ္ဘာကျော်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခြင်းသည် အရေးကြီးသည်ဆိုသည့်အချက်ကို အထင်အရှားတွေ့ရပေသည်။

ယုတ်စွအဆုံး မိမိ၏ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လျှင်သော်မှ တတ်သိနားလည်ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးလုပ်ကိုင်သင့်ပါသည်။ အများထံမှ အကြံကောင်း၊ ဉာဏ်ကောင်း၊ အယူအဆကောင်းများရ၍ လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရနိုင်ပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဘက်စုံထောင့်စုံမှ တွေးခေါ်မြော်မြင်နိုင်သည်ဖြစ်၍ ယိုကွက်၊ ဟာကွက်၊ ပျော့ကွက်များ မရှိနိုင်ပါ။ မတော်၍ အမှားအယွင်းများရှိလျှင်သော်မှ နည်းပါးစေနိုင်ပါသည်။ ပူးပေါင်းဆောင်ရွက်ခြင်းသည် ခေတ်စကားအရဆိုလျှင် အများဆန္ဒ၊ အများသဘောနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်၍ ဒီမိုကရေစီဆန်ပါသည်။

သို့ပါသောကြောင့် လူတိုင်းလူတိုင်းသည် အလုပ်တစ်ခုခုလုပ်ကိုင်ဆောင်ရွက်တော့မည်ဆိုလျှင် တတ်သိနားလည်ကျွမ်းကျင်သူများနှင့် တိုင်ပင်ပါ။ နှီးနှောဖလှယ်ဆွေးနွေးပါ။ အကြံဉာဏ်များရယူဆောင်ရွက်ပါ။ လုပ်ငန်းတိုးတက်အောင်မြင်ရေး၊ ဘဝတိုးတက်အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အထကို လေ့ကျင့်မွေးမြူလုပ်ကိုင်ကြစေရန် အကြံပြုရေးသားလိုက်ရပေသည်။ ။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထူးအထွက်တိုး ပုလဲသွယ် စပ်မျိုးစပါးကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၂ မှ

## ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီးဦးအုန်းသန်းက ပုလဲသွယ်စပ်မျိုးစပါး၏ အရည်အသွေး လက္ခဏာများဖြစ်သည့် အမြစ်ဖွဲ့စည်းမှုပိုမိုသန်စွမ်းခြင်း၊ အပင်ပွားစည်းမှုကောင်းခြင်း၊ အနှံပါပင်ပွား ၁၀-၁၅ ပင်ရှိခြင်း၊ တစ်နှံပါ အောင်စေ့ ၁၅၀နှင့် အထက်ရှိခြင်း၊ တစ်ဧက အထွက်နှုန်း တင်း ၁၅၀မှ ၂၀၀အထက်ရှိခြင်း၊ အပင်သက်တမ်း ၁၁၀-၁၂၀ရှိခြင်း စသည့်အားသာချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေသခံတောင်သူများက ပုလဲသွယ်စပ်မျိုးစပါး၏ ဆန်အရည်အသွေးအဆင့်မီမှု၊ အထွက်နှုန်းနှင့်ဈေးကွက်အရ အကျိုးအမြတ်ရှိမှု၊ ဆက်လက်စိုက်ပျိုးရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

## ကြိုးပမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေသခံတောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် လမ်းညွှန်မှာကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာ့လူဦးရေတိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာလိုအပ်ချက်မှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုလိုအပ်လာလျက်ရှိကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ဆန်ဝယ်လိုမှုတိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် ရေသယံဇာတနှင့်မြေသယံဇာတများစွာကို ပိုင်ဆိုင်ထား၍ လက်ရှိစားနပ်ရိက္ခာဖူလုံမှုရှိသော်လည်း နောင်တိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက် ရိက္ခာဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပပို့ကုန်အဖြစ်သို့ တိုးမြှင့်တင်ပို့နိုင်ရန် မျှော်တွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို ထပ်မံတိုးချဲ့၍မရနိုင်သဖြင့် လက်ရှိစိုက်ပျိုးမြေကို စပါးအထွက်တိုးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က တင်း ၅၀ သာထွက်ရှိသည့် လယ်ယာမြေများတွင် ယခု ပုလဲသွယ်စပ်မျိုးစပါးကို ခေတ်မီစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့၍ တစ်ဧကပျမ်းမျှ တင်း ၁၀၀ ကျော် ထွက်ရှိလာပြီဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်ဝင်သီးနှံများကို စိတ်ကြိုက်စိုက်ပျိုးနိုင်ကြောင်း၊ ကမ္ဘာ့အရည်အသွေးမီ ပေါ်ဆန်းမွှေးဆန်ကိုလည်း မျိုးမပျက်ရန် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းရေးလုပ်ငန်းစဉ်အတွက် အဓိကလုပ်ငန်းတစ်ရပ် ဖြစ်ကြောင်း၊ လယ်သမားအများစုချမ်းသာမှ တိုင်းပြည်ချမ်းသာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေမြုပ်ကွင်းများပြုပြင်ရေး၊ သဘာဝဘေးဒဏ်ကြောင့် ရေငန်ဝင်သည့်လယ်မြေများတွင် ရေငန်တားတာပေါင်များပြုလုပ်ရေး၊ မျိုးစပါးများ ထုတ်လုပ်ရေး၊ ခေတ်မီဆန်ကြိတ်ခွဲစက်များတည်ဆောက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နည်းပညာအကူအညီပေးရေး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ စီမံကိန်းများနှင့် စက်မှုလယ်ယာသုံးပစ္စည်းကိရိယာများ ထောက်ပံ့ရေး၊ ဆောင်ရွက်ဆဲ အပူပိုင်းဒေသ ရေချွေတာသုံးစွဲသည့် စိုက်ပျိုးရေးနည်းပညာများ ထောက်ပံ့ရေးတို့နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် မိမိအနေဖြင့် အထူးအလေးထား ဆွေးနွေးခဲ့ပါကြောင်း။

အလားတူ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧက ၅၀၀ နှင့်အထက်ကို တစ်သင်းသတ်မှတ်စုဖွဲ့၍ လယ်ယာကုန်ထုတ်သမဝါယမအသင်း အစုအဖွဲ့များဖြင့် ဖွဲ့စည်းသွားရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အသင်းအစုအဖွဲ့များကို စနစ်တကျစုဖွဲ့၍ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ၊ အရင်းအနှီးများဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရန် သမဝါယမကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအစပျိုးထူထောင်နေပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးသာမက မွေးမြူရေးကိုပါ တွဲဖက်ဆောင်ရွက်ပြီး ဈေးကွက်ဝင်သည့် အသီးအနှံများနှင့် တွဲဖက်၍ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ပါက တောင်သူများအနေဖြင့် ထိုက်သင့်သော အကျိုးအမြတ်ရရှိပြီး ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်အောင်၊ ချမ်းသာလာအောင် လုံ့လ၊ ဝီရိယ၊ စိတ်ဆန္ဒအပြည့်ဖြင့် အလုပ်ကိုကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်နိုင်အောင်လည်း မိမိတို့အစိုးရအနေဖြင့် ဖန်တီး ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ် ၁၀ ဧက စံပြစိုက်ကွင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် Mr. Kapa Zhang တို့က နည်းပညာရပ်များနှင့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပ်မျိုးစပါး ၂၁ မျိုးကို ၁၀ ဧက စံပြစိုက်ကွင်းအတွင်း စမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် စမ်းသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မျိုးစေ့ထုတ် ၁၀ ဧက စိုက်ခင်းအတွင်း အဖိုလိုင်းစပ်မျိုးစပါးနှင့် အမလိုင်းစပ်မျိုးစပါးများ မျိုးစပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးပြီး ကျားကူးကျေးရွာရှိ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

## နွေစပါးရိတ်သိမ်းရာသီတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအခါ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်းလျက်ရှိပါသည်။

၂။ နွေစပါးရိတ်သိမ်းရာသီသည် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်ပါ၍ မိုးရွာသွန်းနေစဉ် စပါးရိတ်သိမ်းမှုကို မပြုလုပ်ရန်။

၃။ မိုးရွာသွန်းမှုနှင့် တိုက်ဆိုင်နေပါက မရိတ်သိမ်းရသေးသောစပါးခင်းရှိ စပါးစေ့များသည် ရိတ်သိမ်းပြီးကောက်လှိုင်းရှိ စပါးစေ့များထက် လေလွင့်ဆုံးရှုံးမှု သက်သာသဖြင့် မိုးရွာပြီးသည်အထိ စောင့်ဆိုင်းပြီးမှသာ ရိတ်သိမ်းကြရန်။

၄။ စပါးကောင်းမှ ဆန်ကောင်းရမည်ဖြစ်၍ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြု၍ ရိတ်သိမ်းပါရန်။

၅။ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မရိတ်သိမ်းနိုင်သည့် နေရာဒေသများတွင် ရိတ်သိမ်းပြီးကောက်လှိုင်းများကို အမြန်ဆုံးခြွေလှေ့၍ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။

၆။ ရိတ်သိမ်းရာတွင် တလင်းပျောက်စနစ်ကိုကျင့်သုံး၍ နီးစပ်ရာကုန်းမြင့်နေရာ ရွေးချယ်ပြီး စပါးခြွေလှေ့စက်အသုံးပြု၍ ချက်ချင်းခြွေလှေ့ပါရန်။

၇။ စပါးခြွေလှေ့ခြင်းကို ကျေးရွာရှိ ရိတ်သိမ်းခြွေလှေ့စက်များအား စုစည်း၍ စွမ်းအားပြည့်ဆောင်ရွက်ပါ။ လိုအပ်ပါက နီးစပ်ရာစက်မှုလယ်ယာဦးစီးဌာန၏ အကူအညီကို ရယူဆောင်ရွက်ရန်။

၈။ မိုးရွာသွန်း၍ ခြွေလှေ့ရန်အချိန်မမီပါက ကောက်လှိုင်းများကို အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိရန်။ ရွှေ့ပြောင်းရန်အချိန်မမီပါက ကောက်လှိုင်းစည်းများကို မိုးရေလျှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံထားပေးရန်။ လိုအပ်ပါက ယာယီအမိုးအကာဖုံးအုပ်ပေးရန်။

၉။ စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လက်စားလိုက်စနစ်ဖြင့်လည်းကောင်း၊ အင်အားစုဖွဲ့စနစ်ဖြင့်လည်းကောင်း လူအင်အားအပြည့်အဝဖြင့် စီမံဆောင်ရွက်ရန်။

၁၀။ မိုးမိလျှင် အစိုဓာတ်ကြောင့် စပါးများအစေ့အောက်ခြင်း၊ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်တတ်သဖြင့် ခြွေလှေ့ပြီးစပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းအထိရရှိအောင် အခြောက်ခံရန်။ လိုအပ်သော အစိုဓာတ်ပါဝင်မှုကို အစိုဓာတ်တိုင်းကိရိယာများဖြင့် အသုံးပြုစစ်ဆေးရန်။

၁၁။ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် အစိုဓာတ်တိုင်းကိရိယာများရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

၁၂။ အခြားလိုအပ်သော အကူအညီများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆက်သွယ်၍ အကူအညီရယူဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်(နယူးယောက်) ဦးသန်းဆွေ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ကြိုဆို

ထို့နောက် H.E. Mr. BAN Ki-moon နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရွှေတိဂုံဘုရားလမ်းရှိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ဂူဗိမာန်သို့ ရောက်ရှိကြရာ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်၊ ခင်ပွန်း ဒေါက်တာတင်မြင့်ဦးနှင့် မိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် H.E. Mr. BAN Ki-moon သည် ဦးသန့်၏ ဂူဗိမာန်၌ ပန်းခြင်းချ၍ဂါရဝပြုပြီး ငြိမ်းချမ်းရေး ဖယောင်းတိုင်ကို ထွန်းညှိပေးသည်။

ထို့နောက် H.E. Mr. BAN Ki-moon နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့် ဇနီး Mrs. BAN Soon-taek တို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်ပေါင်းစုံ တံခွန်စိုက်သိုင်းပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် Pencaksilat ကလပ်ပေါင်းစုံတံခွန်စိုက်သိုင်းပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ မေ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် စိတ်ပါဝင်စားသူ အားကစားသမားများသည် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်(မ/ဒဂုံ) ဖုန်း-၀၁-၅၈၄၃၅၃၊ ၅၈၀၇၁၂၊ ၀၉-၄၃၀၉၈၂၁၉ တို့သို့ မေ ၁ ရက် နောက်ဆုံးထား၍ သတင်းပို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုကြေးငွေများကိုလည်း ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း




# ဂျက်စတားလေကြောင်းလိုင်းသစ်အတွက် လေယာဉ်သစ်ရောက်ရှိ

**တိုကျို မေ ၂၉**

ဂျပန်နိုင်ငံမှ အလွန်သက်သာသောလက်မှတ်ခဖြင့် ပြေးဆွဲမည့် ဂျက်စတားလေကြောင်းလိုင်းသစ်က အဲဘတ်လ်-၃၂၀ ခရီးသည်တင်လေယာဉ်သစ်တစ်စင်းကို ပြည်တွင်း၌ ပျံသန်းပြေးဆွဲရန် ပထမဆုံးအကြိမ်အဖြစ် ကင်းတက်စ်လေကြောင်းလိုင်းမှပေးပို့မှုကို လက်ခံရရှိခဲ့ကြောင်း ဧပြီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါလေယာဉ်ကို လာမည့် ဇူလိုင် ၃ ရက်မှ စတင်ကာ ဂျပန်ပြည်တွင်းရှိ တိုကျို၊ အိုဆာကာ၊ ဆာပိုရို၊ ဖူကူအိုကာနှင့် အိုကီနာဝါမြို့များသို့ ပျံသန်းပြေးဆွဲပေးသွားရန် စီစဉ်ထားသည်။

ယခုလေယာဉ်သစ်သည် သားရေထိုင်ခုံများ ပါရှိပြီး လာမည့်မေလအတွင်း စမ်းသပ်ပျံသန်းပြေးဆွဲပေးမည်ဖြစ်သည်။ ဂျက်စတားလေကြောင်းလိုင်းသည် လေကြောင်းလိုင်းသစ်တစ်ခုဖြစ်ပြီး လေယာဉ်ခနှုန်းထားသက်သာစွာဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။ ဂျက်စတားလေကြောင်းလိုင်းသည် ကင်းတက်စ်လေကြောင်းလိုင်း၊ ဂျပန်လေကြောင်းလိုင်း၊ မစ်ဆူဘီရှီကော်ပိုရေးရှင်း၊ စင်ကျူရီတိုကျိုကော်ပိုရေးရှင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်နေသော လေယာဉ်လိုင်းသစ်ဖြစ်သည်။ ဂျက်စတားလေကြောင်းလိုင်းသည် ယခုလအစောပိုင်းမှစတင်ကာ လေယာဉ်လက်မှတ်တစ်စောင်ကို ဈေးနှုန်းချိုသာသော ဂျပန်ယန်းငွေဖြင့် ရောင်းချလျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်



# လာမည့်မေ ၂၁ ရက်၌ နေကြတ်မှုဖြစ်ပေါ်နိုင် ပြည်သူများ မျက်မှန်တပ်ပြီး ကြည့်ရှုရန်လိုအပ်

**တိုကျို မေ ၂၉**

လာမည့် မေ ၂၁ ရက်တွင် နေကြတ်မှုဖြစ်ပေါ်မည်ဟု ဂျပန်သိပ္ပံပညာရှင်များက တွက်ချက်ထားရာ ယင်းနေကြတ်မှုမြင်ကွင်းကို အပြည့်အဝစောင့်စားကြည့်ရှုရန် အထူးမျက်မှန်များတပ်ဆင်ကြရန်လိုကြောင်း ဂျပန်မျက်စိအထူးကုအဖွဲ့က ဧပြီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

နေကြတ်မှုဖြစ်ပေါ်နေစဉ်အတွင်း ထွက်ပေါ်လာသော ထူးခြားသည့် ရောင်ခြည်ဖြာဆင်းမှုကြောင့် မျက်စိအမြင်ချို့ယွင်းမှုဖြစ်ပေါ်နိုင်သည်ဖြစ်ရာ နေကြတ်မှုကို ကြည့်ရှုသည့်ပြည်သူများအနေဖြင့် မျက်စိကို အကာအကွယ်ပေးနိုင်သည့် အထူးမျက်မှန်နှင့် နေကာမျက်မှန်တို့ကို တပ်ဆင်ကြရမည်ဟု သတင်း၌ ဖော်ပြသည်။

ထိုသို့မျက်စိအကာအကွယ်အဖြစ် တပ်ဆင်ရာတွင် အနက်ရောင်မျက်မှန်အမျိုးအစားနှင့် အနက်ရောင်ပလတ်စတစ်ပြားများကို တပ်ဆင်ရန်ဖြစ်သည်။ အဆိုပါမျက်မှန်နှင့် ပလတ်စတစ်အကာပြားများသည် အင်တာနက်၊ ကွန်ပျူတာနှင့် အီးနုတ်ဘွတ်အသုံးပြုသူများလည်း တပ်ဆင်ရန်လိုအပ်သည်။ သို့မှသာ ရောင်ခြည်ဖြာထွက်မှုများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကလေးငယ်များ၏မျက်စိထိခိုက်ပျက်စီးနိုင်သည်ဖြစ်ရာ နေကြတ်ချိန်ကို ကလေးငယ်များကြည့်ရှုပါက အမြင်အာရုံ ပိုမိုထိခိုက်နိုင်ကြောင်း မျက်မှန်တပ်ပြီး ကြည့်ရှုသင့်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်၌ နှစ်သန်း ၄၅၀ ခန့်က ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

**ကင်တက်ကီ ဧပြီ ၂၉**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကင်တပ်ကီမြို့မြောက်ပိုင်းတွင် လွန်ခဲ့သောနှစ်သန်း ၄၅၀ ခန့်က ရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

<u>**သုံးသပ်လျက်**</u>

အဆိုပါရုပ်ကြွင်းသည် အရှည် ခြောက်ပေနှင့် အကျယ်သုံးပေခန့်ရှိပြီး အလေးချိန် ပေါင် ၁၅၀ ခန့်ရှိသည်။ မြေအောက်မှ တူးဖော်တွေ့ရှိရခြင်းဖြစ်ပြီး အိုဟိုင်းယိုးပြည်နယ်ရှိ ဒေတန်ကွန်ဗင်းရှင်းစင်တာ၌ အမေရိကန်သုတေသနပညာရှင်များက ၎င်းရုပ်ကြွင်းနှင့် ပတ်သက်ပြီး သုံးသပ်လျက်ရှိသည်။

၎င်းရုပ်ကြွင်းကို အိုဟိုင်းယိုးပြည်နယ်သား အသက် ၄၃ နှစ်အရွယ်ရှိ ရွန်ဖိုင်းက တောင်ကုန်းတစ်ကုန်း၏ ဆင်ခြေလျှောတွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ရွန်ဖိုင်းသည် အသက်လေးနှစ်အရွယ်ကပင် ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာစုဆောင်းနေခဲ့သူတစ်ဦးဖြစ်သည်။ ရွန်ဖိုင်းမှာ မူလက ပင်လယ်သတ္တဝါတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဟုယူဆခဲ့သော်လည်း အမေရိကန်သုတေသနပညာရှင်များကမူ အလွန်ရှေးကျသော ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုဖြစ်ပြီး မည်သည့် ကျောက်ဖြစ်ရုပ်ကြွင်းဆိုသည်ကို အတိအကျ မပြောနိုင်သေးကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၂၉-၄-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

### တရုတ်နှင့်ရုရှား အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ ကုန်သွယ်ရေးဆိုင်ရာစာချုပ်များ လက်မှတ်ရေးထိုး

*တရုတ်နှင့်ရုရှားနိုင်ငံတို့သည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ ကုန်သွယ်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ် ၂၇ ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် လီကာကျင်းက ဧပြီ ၂၈ ရက်တွင်ပြောကြားသည်။ ရုရှားဒုတိယဝန်ကြီးချုပ် အိုင်ဂိုရှုဗာလွေနှင့်တရုတ်ဒုတိယဝန်ကြီးချုပ် လီတို့သည် တရုတ်-ရုရှားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအစည်းအဝေးမပြုလုပ်မီ အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လာခဲ့သည်။ တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့သည် ၎င်းတို့၏ကုန်သွယ်မှုနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အနာဂတ်ကာလတွင် အဆင့်မြှင့်တင်တိုးမြှင့်ရန်အတွက် အတူတကွကြိုးပမ်းသွားမည်ဟု ရည်ရွယ်ထားကြောင်း လီကအစည်းအဝေးတွင်ပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးအနေဖြင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတွင် ငွေကြေးဆိုင်ရာထောက်ပံ့မှုများ၊ စွမ်းအင်၊ စက်မှုပိုင်းဆိုင်ရာများနှင့် လျှပ်စစ်ထုတ်ကုန်များအပါအဝင် သတ္တုတွင်းရှိရာနယ်မြေများကိုပါ တိုးချဲ့သွားမည်ဟုဆိုသည်။*

### အမေရိကန်နိုင်ငံ မစ်ဆောရီပြည်နယ်၌ မုန်တိုင်းတိုက်ခတ်

*အမေရိကန်နိုင်ငံအရှေ့ပိုင်း မစ်ဆောရီပြည်နယ်၏ မြို့တစ်မြို့ဖြစ်သည့် စိန့်လူးဝစ်မြို့တွင် ဧပြီ ၂၈ ရက်က လေမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ရွက်ဖျင်တဲကြီးတစ်လုံးပြိုကျခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြား ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။*

*အဆိုပါ ရွက်ဖျင်တဲသည် စိန့်လူးဝစ်မြို့လယ်ရှိ ဘတ်အားကစားရုံအနီး အဖျော်ယမကာဆိုင်၌ရှိပြီး လေပြင်းမုန်တိုင်းများ ရုတ်တရက်ကျရောက်လာမှုကြောင့် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ထုတ်ပြန်ခဲ့သည်။ စိန့်လူးဝစ်မြို့ မီးသတ်ဌာနမှ အဆိုပါဖြစ်ပွားရာနေရာသို့ တပ်ဖွဲ့ဝင် ၁၇ ဦး စေလွှတ်ပြီး ဒဏ်ရာရရှိသူများအား အရေးပေါ် ဆေးဝါးကုသမှုခံယူရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။ ဒဏ်ရာရရှိသူများထဲမှ ငါးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ယင်းနေ့ မွန်းလွဲပိုင်းက ထုတ်ပြန်ချက်တွင် ဖော်ပြသည်။*

### အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀၀ ဂျပန်နိုင်ငံမှ ရုပ်သိမ်းမည်

***ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်အများအပြားထားရှိမှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာသည့်အတွက် တင်းမာမှုများလျော့ပါးရန် အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀၀ ကို ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။***

***ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ စခန်းချထားသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို ဧပြီ ၂၆ ရက်က ကြေညာသည့် အမေရိကန်-ဂျပန် သဘောတူညီချက်အရ အမေရိကန်ပိုင်ဂူအမ်နှင့်တကွ ဟာဝိုင်ယီနှင့် ဩစတြေးလျကဲ့သို့သောနေရာများတွင် ပြောင်းရွှေ့ချထားတော့မည်ဖြစ်သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် တွေ့ဆုံရန် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ အမေရိကန်နိုင်ငံ ဝါရှင်တန်သို့ မသွားမီ ယင်းကဲ့သို့ နှစ်နိုင်ငံသဘောတူညီခြင်းဖြစ်သည်။*** *(အင်တာနက်)*

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ



# အင်တာပရိုက်အာကာသယာဉ် ဂျွန်အက်ဖ်ကနေဒီလေဆိပ်ရောက်ရှိ

**နယူးယောက် ဧပြီ ၂၉**

အမေရိကန်အာကာသလွန်းပြန်ယာဉ် အင်တာပရိုက်သည် ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်သို့ မဆင်းသက်မီ နယူးယောက်စီးတီးရှိ အမှတ်တရသမိုင်းဝင် အထိမ်းအမှတ်များအပေါ် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

**ပြသထား**

ကြည့်ရှုအားပေးသူများ၏ အကြိုက်လိုက်ကာ အင်တာပရိုက် အာကာသလွန်းပြန်သည် ဘိုးရင်း-၇၄၇ ဖြင့် လွတ်လပ်ရေးကျောက်တိုင်၊ အင်ထရီပစ်ပြတိုက်တို့အပေါ်မှဖြတ်ပြီး ပျံသန်းပြသခဲ့သည်။ အင်တာပရိုက် အာကာသလွန်းပြန်ယာဉ်ကို အင်ထရီပစ်ပြတိုက်သို့ မပြောင်းရွှေ့မီ ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်၌ ရက်သတ္တပတ်အနည်းငယ်တိုင်အောင် ပြသထားဦးမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးများသည်းထန်စွာရွာသွန်းနိုင်

**ပေကျင်း ဧပြီ ၂၉**

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်သဖြင့် မေ ၁ ရက်တွင်ကျရောက်သည့် အလုပ်သမားနေ့ အားလပ်ရက်သုံးရက်အတွက် ခရီးထွက်ရန် မျှော်လင့်ပြင်ဆင်ထားသော ပြည်သူသန်းပေါင်းများစွာအတွက် သတိပြုဖွယ်အဖြစ် မိုးလေဝသနှင့်ဇလဗေဒဌာနက ဧပြီ ၂၈ ရက်တွင် ကြေညာသည်။

ဟူနန်၊ ကျန်ဇီ၊ ဖူကျန်းနှင့် ကွမ်တုံပြည်နယ်များတွင် နောက်သုံးရက်အလွန်၌ မုတ်သုံမိုးများသည်းထန်စွာရွာသွန်းပြီး လေပြင်းများပါ တိုက်ခတ်မည်ဟု အမျိုးသားမိုးလေဝသစင်တာ၏ ဝက်ဘ်ဆိုက်တွင် သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။ နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသနှင့် စင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လာမည့်မေ ၁ ရက်အထိ မိုးအနည်းငယ်နှင့် သာမန်အဆင့်ရွာသွန်းမှုများရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တိဗက်ဒေသတွင်လည်း နောက်လာမည့်သုံးရက်တွင် အရှေ့တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ်နှင့်အသင့်အတင့် ရွာသွန်းမှုများရှိမည်ဖြစ်ပြီး တိဗက်ဒေသအချို့တွင် မိုးနှင်းများ ကျဆင်းနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။ ယခုကဲ့သို့ မိုးလေရာသီအခြေအနေအတွင်း ပြည်သူများအနေဖြင့် ဆင်ခြင်သတိရှိရန်နှင့် ခရီးသွားရင်းဘေးအန္တရာယ်ဖြစ်နိုင်ခြင်းများကို ကြိုတင်တားဆီးနိုင်ရန် မိုးလေဝသစင်တာက အကြံပြုထားသည်။ **(အင်တာနက်)**

# တော်ဝင်မင်းသား ဝီလျံနှင့် ကိတ်မင်းသမီး တစ်နှစ်ပြည့်လက်ထပ်မင်္ဂလာနှစ်ပတ်လည်နေ့ကျင်းပ

**လန်ဒန် ဧပြီ ၂၉**



ဗြိတိန်တော်ဝင်မင်းသား ဝီလျံနှင့် ကြင်ရာတော်မင်းသမီး ကိတ်တို့၏ လက်ထပ်မင်္ဂလာတစ်နှစ်ပြည့်ပွဲကို ရင်းနှီးသောမိတ်ဆွေများနှင့်အတူ အကျဉ်းချုံးပြီး ကျင်းပခဲ့သည်။

ဧပြီ ၂၉ ရက်တွင် တစ်နှစ်ပြည့်မြောက်သည့် ဝီလျံနှင့်ကိတ်တို့ မင်္ဂလာနှစ်ပတ်လည်နေ့တွင် တော်ဝင်ဇနီးမောင်နှံနှစ်ဦးတို့သည် ဗြိတိန်နိုင်ငံတွင်း တစ်နေရာရာတွင် နှစ်ပတ်လည်နေ့ကျင်းပရန် ခရီးထွက်ခွာသွားကြကြောင်းကို စိန့်ဂျိမ်းနန်းတော်က အတည်ပြုခဲ့သည်။ ပြီးခဲ့သည့်နှစ် ဧပြီ ၂၉ ရက်က လန်ဒန်မြို့တွင်းရှိ ဝက်စ်မင်စတာကျောင်းတော်၌ စုလျားရစ်ပတ်ခဲ့ကြသည့် မင်းသားဝီလျံနှင့် ကိတ်မစ်ဒယ်တန်တို့၏ထိမ်းမြားမင်္ဂလာပွဲ **(အပေါ်ပုံ)**သို့ တက်ရောက်ခဲ့ကြသည့် ပရိသတ်ပေါင်း ထောင်သောင်းမကရှိခဲ့ပြီး ရုပ်မြင်သံကြားမှ ဖမ်းယူကြည့်ရှုသူ နှစ်သန်းအထိရှိခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

# အင်န်ဂျီအိုများအရေး ကုလလူ့အခွင့်အရေးမဟာမင်းကြီးရတက်မအေး



ယနေ့ခေတ်သည် ကမ္ဘာတစ်ဝန်း၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအလံကို စိုက်ထူမြှင့်တင်ရန် အပြိုင်ကြိုးပမ်းနေသည့် အချိန်အခါဖြစ်သည်။

ဒီမိုကရေစီဖော်ဆောင်ရာတွင် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးကို အထိခိုက်မခံစေသင့်သကဲ့သို့ လူ့အခွင့်အရေးကို အကြောင်းပြုကာ ဒီမိုကရေစီလမ်းကြောင်းတွင် အတားအဆီးမဖြစ်စေသင့်ပေ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို တစ်ပြိုင်တည်း ရှေ့သို့တွန်းတင်ပါမှ ထိုအလွှာ၊ ထိုပြည်သူ၊ ထိုနိုင်ငံ နောက်ဆုံး ထိုကမ္ဘာ့လူ့အဖွဲ့အစည်းသည် တိုးတက်ချမ်းသာလာမည် ဖြစ်သည်။ သာယောင့်သာယာ နေချင်စဖွယ်ဖြစ်လာမည်ဖြစ်ပါ၏။

ထို့ကြောင့်ပင် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီဖော်ဆောင်မှုမြှင့်တင်ရေးကို ကမ္ဘာ့နိုင်ငံများက အားသွန်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရခြင်းဖြစ်သည်။ ဤမျှ အရေးပါသောတာဝန်ကို နိုင်ငံအစိုးရအပေါ်၌သာ ပုံမချဘဲ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍစုံတွင် တက်ကြွသူများက အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အင်န်ဂျီအိုများဖွဲ့ကာ အားသွန်ခွန်စိုက်ပါဝင်လာကြခြင်းဖြစ်၍ ကြိုဆိုရမည့်အရာဖြစ်ပါသည်။ ဤအထဲ တစ်ဟုန်ထိုးတိုးတက်လာသည့် အိုင်တီနည်းပညာကြောင့် နယ်ပယ်အသီးသီးတွင် လုပ်ငန်းပိုမိုသွက်လက်လာသည်ကို တွေ့နိုင်သည်။

ဤအချိန်တွင် ကမ္ဘာတစ်ဝန်း၌ အင်န်ဂျီအိုများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်လာသည်ကို တွေ့ရသဖြင့် စိုးရိမ်မကင်းဖြစ်မိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး နာဗီပီလေးက မေ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သောအခါ များစွာအံ့အားသင့်သွားရသည်။

အဆိုပါကန့်သတ်ချုပ်ချယ်မှုများက လူ့အခွင့်အရေးများကို ခြိမ်းခြောက်နေကြောင်း နာဗီပီလေးက ဖွင့်ချလိုက်သောအခါ ပို၍ပင်အံ့အားသင့်ကာ တုန်လှုပ်မိပါသည်။ နိုင်ငံအချို့မှ တည်ဆဲဥပဒေနှင့်နည်းဥပဒေများ သို့မဟုတ် အဆိုပြုထားသည့် ဥပဒေများနှင့် နည်းဥပဒေများက အင်န်ဂျီအိုများကို ပိတ်ပစ်ရန်ပင် ခြိမ်းခြောက်နေကြောင်း နာဗီပီလေးက ပြောကြားသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးခေတ်တွင် ထိုမျှကျူးကျူးကျော်ကျော်ပြုမူသည့် နိုင်ငံအရေးအတွက်မှာ လက်ချိုးရေတွက်၍ရသည့်အတွက် တော်ပေသေးသည်ဟု ဆိုရမည်ဖြစ်၏။

အင်န်ဂျီအိုများ၊ အလုပ်သမားသမဂ္ဂများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ ပညာရှင်များ၊ သတင်းစာဆရာများ၊ ဘလော့ဂါများအပါအဝင် အများပြည်သူဆိုင်ရာ အသင်းအဖွဲ့များသည် တစ်နိုင်ငံချင်းစီမှ လူ့အခွင့်အရေးများစောင့်ရှောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး နာဗီပီလေးက ပြောကြားခဲ့သည်။

လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တက်ကြွသောအများပြည်သူဆိုင်ရာအဖွဲ့တစ်ဖွဲ့သည် မွန်မြတ်သောလူ့ဘောင်တစ်ရပ်တည်ဆောက်ရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးသည့် အဖွဲ့တစ်ခုဖြစ်သည့်အပြင် အစိုးရများနှင့် သူတို့ပြည်သူများအကြား အဓိကကျသည့် ပေါင်းကူးဆက်သွယ်ရေးတံတားတစ်ခုလည်း ဖြစ်ပါကြောင်း ပီလေးက ရှင်းလင်းပြောကြားလိုက်သည်။

အင်န်ဂျီအိုများကို ကန့်သတ်သည့် နိုင်ငံအချို့ကို ၎င်းက အမည်နာမဖော်ထုတ်ပြောဆိုရာတွင် ဇင်ဘာဘွေနိုင်ငံ ပါဝင်ခဲ့သည်။ ဇင်ဘာဘွေပြည်နယ်အာဏာပိုင်များက အင်န်ဂျီအို ၂၉ ဖွဲ့ကို လုပ်ငန်းများရပ်ဆိုင်းရန် အမိန့်ထုတ်ထားပြီးဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် အီဂျစ်၊ အယ်ဂျီးရီးယား၊ အီသီယိုးပီးယား၊ ဘီလာရုစ်နှင့် ဗင်နီဇွဲလား စသည့်နိုင်ငံများမှ ပြဿနာများကိုလည်း ၎င်းကထောက်ပြလိုက်သည်။

## သတင်းမှတ်စု-တိုး

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးခေတ်တွင် အင်န်ဂျီအိုများသည် လိုအပ်ချက်အရ ပေါ်ပေါက်လာသည့် အသင်းများအဖွဲ့များဖြစ်သည်။ အသင်းအဖွဲ့ဟူသည် အချိန်ကာလ အခြေအနေအရ ပေါ်ထွက်လာပြီး အချိန်တန်လျှင်ပျောက်ကွယ်သွားတတ်သည့် သဘောရှိသည်။

စစ်အေးတိုက်ပွဲကာလက နေတိုး၊ ဆီးတိုး၊ စင်တိုး၊ ဝါဆောစသည့် စစ်အုပ်စု၊ စစ်အဖွဲ့များပေါ်ပေါက်ခဲ့သော်လည်း



ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး နာဗီပီလေး။

ယခုအခါ နေတိုးမှအပ ကျန်အဖွဲ့များ ပျောက်ကွယ်သွားသည့်သာဓကရှိသည်။

ထို့ပြင် ၁၉၁၄-၁၉၁၈ခုနှစ် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးနောက် နိုင်ငံပေါင်းချုပ်အသင်းကြီး ပေါ်ပေါက်ခဲ့ပါ၏။ ရည်မှန်းချက်မှာ နောက်ထပ် ကမ္ဘာစစ်ကြီး ထပ်မဖြစ်ရန်ဖြစ်သည်။ မွန်မြတ်မှန်ကန်ပါ၏။ သို့သော် မထိန်းနိုင်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာရသည်။ ဤတွင် နိုင်ငံပေါင်းချုပ်အသင်းကြီးလည်း ၁၉၄၆ခုနှစ်တွင် နိဂုံးချုပ်ခဲ့ရသည်။

ယင်းနောက် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် လက်ရှိကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းပေါ်ပေါက်လာခြင်းဖြစ်သည်။

(ကိုးကား-အင်တာနက်)

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

# ရေချိုလင်းပိုင်များ ၁၅ နှစ်အတွင်း မျိုးသုဉ်းသွားဖွယ်ရှိဟု တရုတ်သိပ္ပံပညာရှင်များဆို



**ပေကျင်း မေ ၂၉**

ရေချိုလင်းပိုင်ဟု အများအားဖြင့် ခေါ်ဆိုကြသော ဆူးတောင်မဲ့လင်းရှူးများသည် ၎င်းတို့အားထိန်းသိမ်းစောင့်ရှောက်ခြင်း ကင်းမဲ့နေဦးမည်ဆိုပါက ၁၅နှစ်ခန့်အတွင်း မျိုးသုဉ်းသွားမည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်တစ်စုက မေ ၂၈ ရက်တွင် ပြောကြားသည်။ (ဝဲပုံ)

**ပြောကြား**

ယန်စီလင်းပိုင်ဖြူများ မျိုးသုဉ်းခဲ့ပြီး နောက်ပိုင်းတွင် ရေချိုလင်းပိုင် (ဆူးတောင်မဲ့လင်းရှူး)များသည် ယန်စီမြစ်အတွင်း နောက်ဆုံးကျန်ရှိသည့် နို့တိုက်သတ္တဝါ မျိုးစိတ်ဖြစ်ကြောင်း ၎င်းရေချိုလင်းပိုင် မျိုးစိတ်များ ရှင်သန်ခဲ့သည်မှာ နှစ်သန်းပေါင်း ၂၅ သန်းရှိပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

လူတို့၏ ဒိုင်းနမိုက်ခွဲခြင်းနှင့် လျှပ်စစ်ရှော့ခ်ရိုက်ခြင်းများသုံးကာ ငါးဖမ်းဆီးခြင်းများကြောင့်လည်းကောင်း၊ မြစ်ကြောင်းကျဉ်းမြောင်းမှုနှင့် မြစ်ရေညစ်ညမ်းမှုများကြောင့်လည်းကောင်း၊ ရေချိုလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်တော့မည့်ဘေးနှင့် ရင်ဆိုင်နေရလျက်ရှိသည်။

တရုတ်နိုင်ငံအတွင်း ယခုနှစ်ဇန်နဝါရီလမှစတင်ပြီး ယခုအချိန်ထိ ရေချိုလင်းပိုင်များ သေဆုံးသည့်ကောင်ရေမှာ ၂၀ ကျော်ရှိသည်။ လက်ရှိကာလတွင် ယန်စီမြစ်အတွင်း ရေချိုလင်းပိုင် ၁၀၀၀ နီးပါးသာရှိနေပြီး ဒေါင်တန်းကန်တွင် ကောင်ရေ ၈၀ခန့်နှင့် ပိုယန်းကန်တွင်းရှိ ကောင်ရေအနည်းငယ်ခန့်မှာ ယင်းအရေအတွက်တွင် အပါအဝင်ဖြစ်သည်။

ချန်ပန်ဇီမျောက်ဝံများနှင့် ဉာဏ်ရည်ချင်းတူညီသည့် ရေချိုလင်းပိုင်များသည် အရွယ်ရောက် အထီးတစ်ကောင်ဆိုက အရှည်နှစ်မီတာအထိ ကြီးထွားပြီး အလေးချိန်မှာလည်း ကီလိုဂရမ် ၂၂၀ အထိ ရှိနိုင်ကြသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံတောင်ပိုင်းတွင် ဆောက်လက်စ ရှစ်ထပ်အဆောက်အအုံပြိုကျ

**နန်နင်း မေ ၂၉**

တရုတ်နိုင်ငံတောင်ပိုင်းရှိ နန်နင်းမြို့အတွင်းတွင် ဆောက်လက်စအဆောက်အအုံတစ်လုံး မေ ၂၉ ရက်က ပြိုကျမှုဖြစ်ပွားကြောင်း ဒေသရှိမီးသတ်ဝန်ထမ်းများက ပြောကြားသည်။

**ပြိုကျ**

ပြိုကျခဲ့သည့် အဆောက်အအုံသည် ရှစ်ထပ်အဆောက်အအုံတစ်လုံးဖြစ်ကြောင်း၊ နံနက် ၈ နာရီခန့်၌ ပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

ကယ်ဆယ်ရေးဝန်ထမ်းများ အဆောက်အအုံပြိုကျရာသို့ အပြေးတစ်ပိုင်းရောက်ရှိခဲ့ပြီး ထိခိုက်သေဆုံးသူများကို ရှာဖွေလျက်ရှိသော်လည်း ယခုအချိန်အထိ တွေ့ရှိခြင်းမရှိသေးကြောင်း မီးသတ်ဝန်ထမ်းများက ပြောကြားခဲ့သည်။ **(အင်တာနက်)**

# နိုင်ငံအတွင်း ဆေးခြောက်တန်ချိန်အများဆုံး ထိုင်းနိုင်ငံ ရဲဝန်ထမ်းများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့

**ဗန်ကောက် မေ ၂၉**

ထိုင်းနိုင်ငံ၏ အချက်အချာကျသော ပြည်နယ်ဖြစ်သည့် ဆာရာဘူရီပြည်နယ်တွင် နိုင်ငံအတွင်း ဆေးခြောက်တန်ချိန် ပမာဏအများဆုံးကို ထိုင်းရဲတပ်ဖွဲ့က မေ ၂၇ ရက်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၂၈ ရက်က ဖော်ပြသည်။

ဖမ်းဆီးရမိခဲ့သည့် ဆေးခြောက် ပမာဏမှာ တန်ချိန် ၃ ဒသမ ၄၅ တန်ရှိကြောင်း၊ အသက် ၄၃ နှစ်အရွယ်ရှိ နီပေါင်ရက်ပ်မိုပက်ဒ်ဆိုသူလက်ဝယ်တွင် သေတ္တာများအတွင်း ထည့်သွင်းသိုလှောင်ထားသည်ကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မေ ၂၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောရေးဆိုခွင့်ရှိသူ ရဲဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

**ဝန်ခံ**

နိုင်ငံခြားသို့ မှောင်ခိုတင်ပို့မည့် ယင်းဆေးခြောက်များကို ဗန်ကောက် ဆိပ်ကမ်းသို့ပို့ပေးရန် ဘတ်တစ်သိန်း (အမေရိကန်ဒေါ်လာ ၃၃၀၀) ယူကာ လက်ခံဆောင်ရွက်ခဲ့ပါသည်ဟု ဖမ်းဆီးခံထားရသူနီပေါင်က ဝန်ခံခဲ့ကြောင်း၊ အဆိုပါ ဆေးခြောက်သေတ္တာများပေါ်တွင် ဗြိတိန်နိုင်ငံသားတစ်ဦး၏ လိပ်စာကပ်ထားကြောင်း ဆာရာဘူရီပြည်နယ်ဆိုင်ရာ ရဲအကြီးအကဲ ချာလိပရီးချာဟန်က ပြောကြားသည်။

**ပြောကြား**

ယခုအမှုတွင်ပါဝင်ပတ်သက်သည့် ကွင်းဆက်တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ပရီးချာဟန်က ထပ်လောင်းပြောကြားခဲ့သည်။ **(အင်တာနက်)**

# ဟေတီနိုင်ငံတွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွား၊ ၁၀ ဦးသေဆုံး

**ဆန်တိုဒိုမင်ဂို မေ ၂၉**

ဟေတီနိုင်ငံဒေသများစွာတွင် မိုးများသည်းထန်စွာ ရက်ဆက်ရွာသွန်းလျက်ရှိသဖြင့် ရေကြီးမြေပြိုမှုများဖြစ်ပွားပြီး သေဆုံးသူ ၁၀ ဦးရှိကြောင်း၊ ပျောက်ဆုံးနေသူလည်းများစွာရှိကြောင်း နိုင်ငံ၏ မြို့ပြကာကွယ်ရေးရုံးက မေ ၂၈ ရက်တွင် သတင်း ထုတ်ပြန်သည်။

အဆိုပါ ရေကြီး၊ မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးသည့် အိမ်ခြေအဆောက်အအုံ ရာပေါင်းများစွာရှိပြီး စိုက်ပျိုးမြေများစွာ ရေလွှမ်းလျက်ရှိကြောင်း အဆိုပါရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **(ယာပုံ)**

**ထိခိုက်ပျက်စီး**

နိုင်ငံ၏ အနောက်ပိုင်းနှင့် တောင်ပိုင်းနယ်မြေများသည် အဆိုပါ သဘာဝဘေးဒဏ်ကို အဆိုးရွားဆုံးကြုံတွေ့နေရသည်။ မြို့တော် ပို့အော်ပရင့်စ်အတွင်းရှိ ငလျင်ဒဏ်သင့်ဒုက္ခသည် ယာယီစခန်းများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

**ပြန့်ကျဲ**

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က အင်အားပြင်းထန်သော ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် ဟေတီနိုင်ငံတွင် ပြည်သူသန်းဝက်နီးပါးမှာ ပို့အော်ပရင့်စ်မြို့အနှံ့ ဒုက္ခသည် ယာယီစခန်း ၆၆၀တွင် ပြန့်ကျဲနေထိုင်နေရဆဲဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ဦးရေသည် နေ့စဉ် ၁၅၀ခန့် ရှိနေသည်ဟု သတင်းတွင် ဆက်လက်ဖော်ပြသည်။

၂၀၁၀ခုနှစ်က ဟေတီနိုင်ငံအတွင်း ကာလဝမ်းရောဂါဖြစ်ပွားခဲ့ရာတွင် လူ ၇၀၀၀ကျော် သေဆုံးခဲ့သည်။ **(အင်တာနက်)**



# ကုန်ထုတ်လုပ်မှုကို စီးပွားရေးအရ တွက်ခြေကိုက်အောင် ကြိုးပမ်းထုတ်လုပ် လုပ်ငန်းများအဆင်ပြေချောမွေ့စွာဖြင့် လျင်မြန်စွာလည်ပတ်နိုင်အောင်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၉**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)သို့သွားရောက်၍ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စက်ရုံရိပ်သာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ရေနံကုန်ကြမ်းရရှိမှု၊ စက်သုံးဆီ ကုန်ချောများထုတ်လုပ်မှု၊ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးစနစ်သစ်နှင့်အညီ ဝန်ကြီးဌာနပိုင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုကို စီးပွားရေးအရ တွက်ခြေကိုက်အောင် ကြိုးပမ်းထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ပြုပြင်ဆောင်ရွက်ရမည့်နည်းလမ်းများကို ဝန်ကြီးဌာနအပိုင်းမှ စတင်ဆောင်ရွက်နေပြီဖြစ်ရာ တာဝန်ရှိသူများကလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ထားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံတွင်းရှိ WPP အိတ်ခွံရက်လုပ်သည့်စက်ရုံ၌ ယူရီးယား ဓာတ်မြေဩဇာထုပ်ပိုးခွံများ ထုတ်လုပ်နေမှုနှင့် တံဆိပ်ရိုက်နှိပ်နေမှုများ၊ စက်ရုံမှ ဓာတ်ဆီ တိုက်ရိုက်ဖြန့်ဖြူးရေး ဆောင်ရွက်ထားမှုနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်အခြေစိုက်စခန်းသို့ သွားရောက်၍ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အစားထိုးပြုပြင်ရန်နှင့် အဆင့်မြှင့်တင်ရန် ပြည်ပမှဝယ်ယူထားသော သဘာဝဓာတ်ငွေ့ပိုက်များ စုဆောင်းထားရှိမှုနှင့်လုပ်ငန်းခွင်သို့ ဖြန့်ခွဲပို့ဆောင်မှုများနှင့် လေလံတင်ရောင်းချမည့်ပစ္စည်းများ ဈေးနှုန်းသတ်မှတ်ရာတွင် ထိုက်တန်မှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မ (ဓနိတော)၏ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန(သာကေတ)သို့သွားရောက်၍ စက်သုံးဆီအမျိုးမျိုး ဖြန့်ဖြူးနေမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဂရုပြုထိန်းသိမ်း**

ဆက်လက်၍ သန်လျက်စွန်းရှိ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မ(ဓနိတော) သို့သွားရောက်၍ အရာထမ်းများအား တွေ့ဆုံကာ လုပ်ငန်းဌာနများအနေဖြင့် အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် လျင်လျင်မြန်မြန် လည်ပတ်အောင် ဆောင်ရွက်ကြရန်၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိအောင် ဂရုပြုထိန်းသိမ်းရန်နှင့် အမှန်တကယ်လိုအပ်မည့်ဝန်ထမ်းအင်အားကိုသာ ခန့်ထားတာဝန်ပေးရန်တို့ကို ဆွေးနွေးမှာကြားပြီး ဆီဖြန့်ဖြူးရေးဌာနများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ကြည့်ရှုစစ်ဆေး** စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။
(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။
(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။
(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

# ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့၏ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူများသေဆုံးပြီး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် ဧပြီ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲညီညီဖော်ဆောင်လျက်ရှိကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းလျက်ရှိခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွဲညီညီ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့သည် လက်တွဲညီညီဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့အနေဖြင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည်သာမက အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် စစ်ရေးမဟုတ်သော ပစ်မှတ်များဖြစ်သည့် မိုးမောက်မြို့နယ် ကုန်းနှောကျေးရွာအား လက်နက်ကြီးများဖြင့် အကြောင်းမဲ့ နှောင့်ယှက်ပစ်ခတ်ခြင်းကြောင့် ကျေးရွာအတွင်းနေထိုင်သော မောင်လော့ရင်(၅)နှစ် (ဘ)ဦးလောရှတ်သည် လက်နက်ကြီးအစထိမှန်၍ သေဆုံးခဲ့ပြီး ဦးစံပိုင်(၅၇)နှစ် (ဘ) ဦးယုအိုက်လိတ် ညာလက်မောင်း/ခါးတို့အား လက်နက်ကြီးအစ ထိမှန်(စိုးရိမ်ရ) ဒဏ်ရာနှင့် မလင့်(၂၂)နှစ် (ဘ) ဦးမောင်စိုး ညာပေါင်လက်နက်ကြီးအစ ဖောက်ဝင်(စိုးရိမ်ရ) ဒဏ်ရာအသီးသီး ရရှိခဲ့သည်။

**ဆေးဝါးကုသ**

အဆိုပါ ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ဗန်းမော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မန္တလေး-မြစ်ကြီးနား အထူးအိပ်စင်ရထား တွဲ(၈)တွဲ လမ်းချော်ပြီး အပြစ်မဲ့ပြည်သူ(၂)ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၂၉**

ယနေ့နံနက် ၁ နာရီ ၁၀ မိနစ်ခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့၏ အနောက်တောင်ဘက် (၁၈)မိုင်ခန့်အကွာ နန့်စီးအောင်ဘူတာနှင့် မော်ဟန်ဘူတာကြား၊ ရထားလမ်းမိုင်တိုင်အမှတ် (၆၁၆/၁)နှင့် (၆၁၆/၂) အကြားရှိ တံတားအမှတ် (၅၃၄)အနီး၌ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် မန္တလေးမှ မြစ်ကြီးနားမြို့သို့ ထွက်ခွာလာသော အမှတ်(၃၃) အဆန်အထူးအိပ်စင်ရထားမှ တွဲ(၈)တွဲ လမ်းချော်ကျပြီး ပျက်စီးမှုအချို့ ရှိခဲ့ကြောင်း၊ ထို့အပြင် ရထားတွင် လိုက်ပါစီးနင်းလာသော ရှင်စန္ဒောဘာသ (၁၃) နှစ်မှာ ညာခြေထိခိုက်ဒဏ်ရာရရှိပြီး မျိုးမင်းထိုက် (၂၈) နှစ်မှာ ညာခြေကျိုး ဒဏ်ရာများရရှိခဲ့ကြကြောင်း သိရှိရသည်။

လမ်းချော်ကျပြီး ချို့ယွင်းသွားသော ရထားတွဲများအား ပြင်ဆင်ရန် မြန်မာ့မီးရထားမှ ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် ရထားတွဲပြင်ဆင်ရေးအဖွဲ့များ၊ တာဝန်ရှိသူများသည် မိုင်းပေါက်ကွဲသည့်နေရာသို့သွားရောက်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒဏ်ရာရလူနာ ၂ ဦးအား မိုးညှင်းဆေးရုံသို့ ပို့ဆောင် ကုသပေးလျက်ရှိကြောင်း၊ မန္တလေး-မြစ်ကြီးနားရထားများ သွားလာမှု ခေတ္တရပ်ဆိုင်းထားကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့နှင့်လည်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ယခုလိုအချိန်မျိုးတွင် ကေအိုင်အေအဖွဲ့အနေဖြင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ဝင်ရောက်စီးနင်းပြီး ဝန်ထမ်းများအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း၊ ချီဖွေမြို့နယ် လုပီကျေးရွာရှိ နယ်ခြားစောင့်တပ်ရင်း ဌာနချုပ်အား ဝင်ရောက်တိုက်ခိုက်ခြင်း၊ ယခုကဲ့သို့ မီးရထားလမ်းနှင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများ ပြုလုပ်နေခြင်းမှာ ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူများအပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ လိုလားတောင့်တသည့်နိုင်ငံတည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လုပ်ရပ်များဖြစ်သောကြောင့် လက်နက်အားကိုးဖြင့် အဖျက်လုပ်ရပ်များ လုပ်ဆောင်နေမှုများကို ရပ်တန့်စေရန် ဒေသခံပြည်သူများနှင့် ကြားသိရသူ ပြည်သူများက ဆန္ဒရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် မန္တလေး-မြစ်ကြီးနား အမှတ်(၃၃) အဆန် အထူး အိပ်စင်ရထားမှ တွဲ(၈)တွဲ လမ်း ချော်ကျပြီး ပျက်စီးမှု အချို့ကို တွေ့ရစဉ်။ (သတင်းစဉ်)



## MRTV-4

၃၀-၄-၂၀၁၂ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၂၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇) |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၁) |
| ၁၁း၂၅ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၂၇) |
| ၂း၀၀ | MRTV-4 သတင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈) |
| ၈း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၁) |
| ၉း၃၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း- ၂၂) |
| ၁၀း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း -၂၈) |

**Barclays Premier League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၂၅ | Man City - Man U | (Star Sports)(MRTV-4) |



# ရှမ်းပြည်နယ် မူဆယ်မြို့၌ ဖောက်ခွဲရေးသမားတစ်ဦးအား အသေဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၉**

ရှမ်းပြည်နယ် မူဆယ်မြို့၌ ယမန်နေ့ ညပိုင်းတွင် မူဆယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းမော်တော်ယာဉ်အား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန်ကြိုးစားသည့် ဖောက်ခွဲရေးသမားတစ်ဦးအား အသေဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယမန်နေ့ည ၉ နာရီ ၂၅ မိနစ်ခန့်တွင် မူဆယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းမော်တော်ယာဉ်တစ်စီးသည် ကောင်းမှုတုံရပ်ကွက်၊ မြို့ပတ်လမ်းဆုံ၊ ပြည်ထောင်စုကားလမ်းမပေါ်၌ လှည့်ကင်းဆောင်ရွက်နေစဉ် လှည့်ကင်းမော်တော်ယာဉ်၏ ယာဘက်တွင် ကပ်လျက်လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ အမျိုးသားတစ်ဦးက အသင့်ယူဆောင်လာသော ဒေသန္တရလက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန်ပြုလုပ်စဉ် ၎င်း၏လက်ထဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ၎င်း၏မျက်နှာ ဗုံးစထိမှန်ဒဏ်ရာ၊ ရင်ဘတ်ဗုံးစထိမှန်ဒဏ်ရာနှင့် ဝဲလက်ကောက်ဝတ်ပြတ် ဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း၊ ၎င်း၏ ပုံပန်းသဏ္ဌာန်မှာ အသားဖြူ အရပ် ၅ပေ ၂ လက်မခန့် အသက် ၂၅ နှစ်နှင့် ၃၀ ကြားရှိကြောင်း၊ ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် ကျည်ထိုးပြီးအသင့် အမ် ၂၀ ပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ကျည်တောင့် ခုနစ်တောင့်တို့ကို သိမ်းဆည်းရမိကြောင်း သိရှိရသည်။

ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပေါက်ကွဲမှုနှင့်ပတ်သက်၍ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အောင်သီရိဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ်များအား ဒုတိယအကြိမ်စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းခြင်း(သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၉**

အောင်သီရိ ဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိ မြို့နယ် ကျေးရွာများရှိ ကလေးသူငယ် ၁၅၀ တို့အား ဒုတိယအကြိမ် စုပေါင်း ရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းခြင်း(သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲ မင်္ဂလာကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါ မြို့နယ် ကျည်တောင်ကန်ကျေးရွာ ကျည်တောင်ကန် တိုက်သစ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အလှူတော်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင် တောရ ပရိယတ္တိကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီနှင့် နိုင်ငံတော် သြဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာ ရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ တို့အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး အားကစားဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော် ကောင်စီဝင် ဦးသန်းဌေး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေးနှင့် တာဝန်ရှိသူများ၊ ရှင်အပါး ၁၅၀ ၏ မိဘများဖိတ်ကြားထား သူများနှင့် ဒေသခံပြည်သူများ တက် ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော် များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်း အနားကိုဖွင့်လှစ်ကြပြီး နိုင်ငံတော်သြဝါဒါ စရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရထံမှ ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပရိသတ်များက ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူ သော မေတ္တသုတ်ပရိတ်တရားတော်များ ကို လေးမြတ်ရိုသေစွာနာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ငွေတောင်တောရ ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသိရီအားလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးစိုးဝင်းက ဝဲကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသအား လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရအားလည်းကောင်း၊ အောင် သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်ဇနီး မိသားစု များက ပင့်သံဃာတော်၊ ဆရာတော်များ အားလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် အောင်သီရိ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငွေတောင်တောရ ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသိရီထံမှ ပရိသတ်များက အနု မောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေး ဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သွတ်သွင်း**

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော် ကောင်စီဝင် ဦးသန်းဌေး၊ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အလှူတော် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုး များ ရွာသွန်းဖြိုးပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အောင်သီရိ ဖောင်ဒေးရှင်းသည် ၂၀၁၁ ခုနှစ် မေ ၂၄ ရက်တွင် ပုဗ္ဗသီရိ မြို့နယ် ကျေးရွာများရှိ ကလေးသူငယ် ၃၀၀တို့အား ဝဲကြီးကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ပထမအကြိမ် စုပေါင်းရှင်ပြုပွဲနှင့် သာသနာ့ဘောင် အတွင်းသို့ သွတ်သွင်းခြင်းအခမ်းအနား အား အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ် ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





**အောင်သီရိဖောင်ဒေးရှင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျေးရွာများရှိ ကလေးသူငယ် (၁၅၀) တို့အား ဒုတိယအကြိမ်စုပေါင်း ရှင်ပြုပွဲနှင့် သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းခြင်း(သာမဏေရပဗ္ဗဇ္ဇ) အောင်ပွဲမင်္ဂလာကုသိုလ်တော်အခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုဆက်လက်ဆောင်ရွက် "ပ" အက္ခရာအထိ လက်ခံပေးသွားမည်

**ရန်ကုန် မေ ၂၉**

မတ်လကုန်ပိုင်းမှ စတင်ကာ ယာယီရပ်နားထားခဲ့သည့် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုများကို မေ ၂၃ ရက်မှ စတင်ကာ ပြန်လည်အပ်နှံမှုခွင့်ပြုခဲ့သည့်အတွက် "ဓ"အက္ခရာကားများ ပြန်လည်အပ်နှံနေကြပြီဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

**အတည်ပြုပြောကြား**

"ဘဏ္ဍာနှစ်ကုန်အပြင် သင်္ကြန်ပိတ်ရက်တွေကြောင့် ယာဉ်ဟောင်းအပ်နှံတာ တွေကို မတ်လမကုန်ခင်ကတည်းက ရပ်ထားခဲ့ပြီး အခုပြန်လည်လက်ခံနေပါပြီ။ လက်ရှိ မှာ "ဓ"အက္ခရာတွေလက်ခံပေးနေတာ ကုန်ခါနီးပါနေပြီ။ မကြာခင်မှာပဲ "န"အက္ခရာကို ဆက်ပြီး လက်ခံမှာဖြစ်ပြီး လက်ရှိမှာတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာနအနေနဲ့ "ပ"အက္ခရာအထိ လက်ခံဖို့ရှိပါတယ်"ဟု ဌာန၏ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၌ ယနေ့အထိအပ်နှံပြီးသော ယာဉ်အိုယာဉ်ဟောင်းများမှာ အစီးရေ တစ်သောင်း ရှစ်ထောင်ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုမှာ အစီးရေလေးသောင်းရှစ်ထောင်နီးပါး ရှိနေပြီဖြစ်ကြောင်း တာဝန်ရှိသူကဆိုသည်။ ပြင်ပကားဈေးကွက်အတွင်း၌ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုများအား"အ"အက္ခရာ အထိ သတ်မှတ်ထားကြောင်း၊ သတင်းများ ထွက်ပေါ်ခဲ့သော်လည်း လက်ရှိတွင် "ပ"အက္ခရာအထိသာ လက်ခံသွားရန်ရှိပြီး ဆက်လက်အပ်နှံမှုများအတွက် မဆုံးဖြတ်ရ သေးကြောင်း မော်တော်ယာဉ်တင်သွင်းခွင့်ကြီးကြပ်ရေးကော်မတီမှအတည်ပြုပြောကြား သည်။ ကားဈေးကွက်အတွင်း၌ အပ်နှံရန်နီးကပ်နေသည့် ယာဉ်အိုယာဉ်ဟောင်းများ၏ ဈေးနှုန်းများမှာ ကျပ်သိန်း ၁၃၀ မှ ကျပ်သိန်း ၁၅၀ အထိ ဈေးမြင့်တက်လျက်ရှိပြီး ယာဉ်ဟောင်းအပ်နှံပြီး စလစ်အရောင်းအဝယ် ဈေးကွက်၌ စလစ်တစ်ခုလျှင် ကျပ်သိန်း ၁၆၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါသည်။ **(ခင်ရတနာ)**



# ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ပြည်ထဲရေးအသင်းဗိုလ်စွဲ

**ရန်ကုန် မေ ၂၉**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကျင်းပသော Double Strong Cup ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက သဃ်န်းကျွန်း မြို့နယ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဆုပေးပွဲကျင်းပရာ လူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေး(က)အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံအမျိုး သမီးအား ကစားအဖွဲ့ချုပ် နာယကဒေါ်အယ်လ်ခွန်းရီကလည်းကောင်း၊ ဒုတိယဆုရ ကာကွယ်ရေးအသင်း(ခ)အသင်းအား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားနည်းနာယက ဒေါ်သက်သက်ဆွေကလည်းကောင်း၊ တတိယဆုရကာကွယ်ရေး (ဂ)အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချက်ကီးယိုကလည်း ကောင်း ငွေသားဆုနှင့် ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ဆက်လက်၍ အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ ပြည်ထဲရေးအသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်း ကောင်း **(အပေါ်ပုံ)** ဒုတိယဆုရ ရွှေသန်လျင်အသင်းအား မြန်မာဘရူဝါရီလီမိတက်မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ တတိယဆုရ ရွှေကျွန်းသားအသင်းအား မြန်မာ နိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အမှုဆောင် ဦးခင်ထွန်းကလည်းကောင်း ငွေသားဆုနှင့် ဆုတံဆိပ်များကို ချီးမြှင့်ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

# ပန်းခြံများနှင့် အားကစားကွင်းများ အဆင့်မြှင့်တင်မည်

**ရန်ကုန် မေ ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း ပန်းခြံကြီးများနှင့် ကစားကွင်းများအား အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ "လက်ရှိအနေ အထားထက်ပိုပြီးကောင်းမွန်တဲ့ အဆင့် မြင့် ပြုပြင်မှုတွေကို ပြုလုပ်သွားမှာပါ။ အဓိကကတော့ ပြည်သူလူထုတွေ အဆင့် မြင့်ပန်းခြံတွေ၊ ကစားကွင်းတွေမှာ အနားယူ နိုင်အောင်လို့ အခုလိုအစီအစဉ်တွေ ချမှတ် ရတာဖြစ်ပါတယ်။ လက်ရှိမှာ ပန်းခြံကြီး ငါးခုနဲ့ ကစားကွင်း၂၂ ခုကို အဆင့်မြှင့် တင် ပြုပြင်ရေးလုပ်ငန်းတွေ ဆောင်ရွက် သွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်း ဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဒုတိယဌာနမှူးက ပြောကြားသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနအနေနှင့်လက်ရှိတွင် အဆင့်မြှင့်တင် ရေးအတွက် လိုအပ်သည့်ကုန်ကျစရိတ်များ အား တွက်ချက်လျက်ရှိပြီး အများပြည်သူ များ အေးချမ်းမှုနှင့် လုံခြုံမှုရရှိရန်နှင့် သန့်ရှင်းသပ်ရပ်ခံ့ညားစွာ အပန်းဖြေနိုင် ရန် ရည်ရွယ်ကာ ပြုပြင်တည်ဆောက်မှု များအားရေးဆွဲလျက်ရှိကြောင်း သိရှိရ သည်။ "ပန်းခြံကြီး ငါးခုက မဟာဗန္ဓုလ ပန်းခြံ ၇ ဒသမ ၄၃ ဧက၊ ကန်တော် မင်္ဂလာပန်းခြံ ၂၂ ဒသမ ၀၂ ဧက၊ ပြည်သူ့ ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ် ၁၃၅ ဧက၊ ကန်သာယာ ကုက္ကိုင်းပန်းခြံ ၂ ဒသမ ၁၃ ဧကနှင့် ရှုခင်းသာ အပန်းဖြေဥယျာဉ် ၁၉ ဒသမ ၃၉ ဧကတို့ ဖြစ်ပါတယ်။ အားလုံး ကို ဒီနှစ်ဘတ်ဂျက်ကာလ အတွင်းမှာပဲ အဆင့်မြှင့်တင်မှုလုပ်ငန်းတွေဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ကစားကွင်းတွေ အနေနဲ့ကတော့ အများပြည်သူတွေ အများ ဆုံးနားနေအပန်းဖြေနိုင်မယ့် လူစည်ကား တဲ့နေရာတွေက ကစားကွင်းတွေကို အဓိကထားပြီး ပြင်ဆင်ပေးသွားမယ်" ဟု အဆိုပါ တာဝန်ရှိသူက ရှင်းပြသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ ပန်းခြံပေါင်း ၅၈ ခုနှင့် ကစားကွင်း (ကြီး/ငယ်)ပေါင်း ၈၅ ခုခန့် ရှိကာ ယခင်နှစ်များကလည်း ယခုကဲ့သို့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ လုပ် ဆောင်လာခဲ့သည်။ **(ခင်လေးမြင့်အောင်)**

# တန်ပိုတင်ဆောင်လာသော ခရီးသည်တင်ယာဉ် စစ်ဆေးစဉ် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း/တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်း ရေးအဖွဲ့သည် ပဲခူး-ဘုရားကြီး ဘောနက်ကြီးဂိတ်၌ တန်ပိုယာဉ်ထိန်းသိမ်း ကြပ်မတ် ခြင်း တာဝန်ယူဆောင်ရွက်နေစဉ် မေ ၂၅ ရက် နံနက် ၀၀း၄၅ မိနစ်ခန့်တွင် မြဝတီ- ဘားအံ ဘက်မှလာသော လူစီးခရီးသည်တင် မှန်လုံယာဉ် သုံးစီးဖြစ်သည့် ယာဉ်မောင်း ညီညီ မောင်းနှင်သော ယာဉ်အမှတ်(၅ခ/---)၊ ယာဉ်မောင်း ဖိုးထောင်မောင်းနှင်သော ယာဉ်အမှတ်(၃ဂ/---)၊ယာဉ်မောင်းအောင်မြင့် မောင်းနှင်သော ယာဉ်အမှတ် (၆ခ/---) တို့သည် ခရီးသည်အများဆုံး ငါးဦးသာ ပါရှိပြီး ယာဉ်များ၏အလေးချိန်မှာ ပိုမို နေသည့်အနေအထားတွေ့ရှိရသောကြောင့် ကတ္တားဖြင့်ချိန်တွယ်ရာ သတ်မှတ်တန်ချိန် (ယာဉ်+ကုန်) ၁၆တန်ရှိရမည့်အစား သတ်မှတ်တန်ချိန်ထက် ယာဉ်အမှတ်(၅ခ/---) သည် ၃ ဒသမ ၈ တန်၊ ယာဉ်အမှတ်(၃ဂ/---)သည် ၂ ဒသမ ၃ တန်၊ ယာဉ်အမှတ် (၆ခ/---)သည်၂ဒသမ ၁ တန်အသီးသီး တန်ပိုတင်ဆောင်လာသည်ကို တွေ့ရှိရကြောင်း။

ခရီးသည်တင်ကားသည် ခရီးသည်သာတင်ဆောင်ခွင့်ရှိပြီး ကုန်တင်ဆောင် ခွင့်မရှိသော်လည်း ယခုကားများသည် ခရီးသည်ကို ဟန်ပြသာတင်ကာ ယာဉ်၏ ဝမ်းဗိုက်အတွင်းတွင် ကုန်များအပြည့်တင်ဆောင်လာသဖြင့် တန်ပိုယာဉ်ဖြစ်နေသော ကြောင့် လမ်းမကြီးများဥပဒေဖြင့် ပဲခူးမြို့ အမှတ်(၃)ရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခဲ့ ကြောင်း၊အမှတ်(၃)ရဲစခန်းတွင် ယာဉ်များ၏ဝမ်းဗိုက်အတွင်း ပါရှိလာသောကုန်များ ကို တာဝန်ရှိသူများက အဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ အကောက်ခွန်စာရွက်စာတမ်းများ တင်ပြခြင်း မပြုနိုင်သည့်ထိုင်းနိုင်ငံလုပ် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရှာဖွေ တွေ့ရှိခဲ့သဖြင့် တရားဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **(ခွန်၊ ထိန်း၊ ဇော်)**

# ညအချိန်ရပ်လျှင် ဘေးမီးငယ်ကိုဖွင့်ထားပါ

# အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ ဆက်လက်လျော့နည်းနိုင်

**နေပြည်တော် မေ ၂၉**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာ ကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီး နှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များ မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်၊ မြင်းခြံမြို့၊ ဇောင်းတူမြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ ဒီဂရီစင်တီ ဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၈၂လက်မ၊ ပလက်ဝ မြို့နှင့် မြောက်ဦးမြို့တို့တွင် ၃ ဒသမ ၂၃ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၇၅ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၈၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် ဆက်လက်လျော့နည်းနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# မြန်မာ့ဒီမိုကရေစီအတွက် ခြိမ်းခြောက်မှု (၃) ရပ်

မောင်အေးချမ်း(ဟားပတ်)

### ဒီမိုကရေစီဖတ်စာအသစ်

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီကနေ့ဒီအချိန်မှာ ခေတ်သစ်၊ စနစ်သစ်ကို ကူးပြောင်းနေပြီ ဖြစ်တဲ့အတွက် ကျေနပ်အားရဖွယ်ရာ နိုင်ငံရေးအခင်းအကျင်းတွေ၊ အပြန်အလှန် ထိန်းကျောင်းမှု မြင်ကွင်းတွေ၊ လွတ်လပ်ပွင့်လင်းလာတဲ့ သတင်းတွေ မြင်တွေ့ကြားသိနေရပြီ ဖြစ်တဲ့အတွက် အမိမြေရဲ့ အဝေးတစ်နေရာမှာ ရောက်ရှိနေတဲ့ ကျွန်တော်တို့လို အဝေးရောက်နိုင်ငံသားတွေအတွက် ဝမ်းမြောက်ဖွယ်ရာ ကောင်းသလို ဂုဏ်ယူဖွယ်ရာလည်း သိပ်ကောင်းနေပါပြီ။

အရင်က ကျွန်တော်တို့နိုင်ငံကို ဘားမားလို့ တွင်တွင်ပြောခဲ့ကြသူတွေဟာလည်း အခုဆိုရင် မြန်မာဆိုပြီး မပီကလာ ပီကလာနဲ့ ပြောနေကြတာကိုလည်း ကျေနပ်ဖွယ်ရာ တွေ့ရှိနေရပါတယ်။ အရင်ကဆိုရင် မြန်မာနိုင်ငံသားဆိုတာနဲ့ ကျွန်တော်တို့နိုင်ငံအပေါ် အဆိုးမြင် ဝေဖန်ချက်တွေ တစ်သီတစ်တန်းကြီး ကြားသိခဲ့ရပေမယ့် အခုအချိန်မှာ နိုင်ငံတော်သမ္မတကြီးအကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌတွေအကြောင်း စိတ်ဝင်တစားနဲ့ မေးမြန်းလာခဲ့ကြပြီ ဖြစ်ပါတယ်။ အထူးသတိထားဖို့၊ မှတ်သားဖို့ကောင်းတာက ကျွန်တော့်ရဲ့ပါမောက္ခ ဥပဒေပညာရှင်တစ်ယောက်ရဲ့စကားပါပဲ။

"မစ္စတာချမ်း၊ မင်းတို့နိုင်ငံ ဒီမိုကရေစီကူးပြောင်းသွားတာ သိပ်ကောင်းတယ်။ မြန်မာ့ခေါင်းဆောင်ပေမယ့် မင်းတို့ခေါင်းဆောင်က သွေးထွက်သံယိုမရှိ၊ တော်လှန်ရေးမရှိ သိပ်လှတဲ့ခေါင်းပဲ။ မင်းတို့နိုင်ငံဟာ ဒီမိုကရက်တိုင်ဇေးရှင်းရဲ့ ဖတ်စာအသစ်ဖြစ်လာတော့မယ်လို့ ကျိန်းသေပြောရဲတယ်။"

ဒီစကားပြောတဲ့ ပညာရှင်ဟာ အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းမှာ အင်မတန်သြဇာကြီးပါတယ်။ ရီပတ်ဘလီကင်ရော ဒီမိုကရက်တွေကပါ အလေးထားပြီး တိုင်ပင်ရတဲ့ ဒီမိုကရေစီခေါင်းကိုင် ဆရာကြီးလည်း ဖြစ်ပါတယ်။ သူလိုလူမျိုးက ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရက်တိုင်ဇေးရှင်းကို အလေးအနက်ထားပြီး ပြောလာပြီဆိုရင်တော့ အလကားမဟုတ်တော့ပါဘူး။ ဒီမိုကရက်တိုင်ဇေးရှင်း အိုင်ဒီယာအသစ်တွေ မကြာခင်မှာ ထွက်ပေါ်လာတော့မယ်ဆိုတဲ့သဘောကို ကျွန်တော် ရိပ်စားမိပါတယ်။ မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီပရိုမိုးရှင်းလုပ်ငန်းစဉ်အတွက် ဖတ်စာအသစ်၊ သင်ခန်းစာအသစ် ဖြစ်လာနေပြီ ဖြစ်ပါတယ်။

### အကြီးမားဆုံးအန္တရာယ်

ပြီးတော့ သတင်းမီဒီယာတွေထဲမှာ ဖတ်ရှုရတဲ့ သတင်းတွေအကြောင်း ကျွန်တော်တို့ စကားဝိုင်းဆက်ဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်ကိုယ်တိုင် ဥပဒေသမားတစ်ယောက်ဖြစ်တဲ့အပြင် နိုင်ငံတကာ အခြေခံဥပဒေတွေကို အထူးပြုသုတေသနပြုလုပ်ပြီး ပါရဂူဘွဲ့ရရှိခဲ့တာဖြစ်တဲ့အတွက် ကျွန်တော့်ပါမောက္ခက ကျွန်တော်နဲ့လာပြီး ဆွေးနွေးတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဏာကြီး (၃)ရပ်အညီအမျှ ခွဲဝေမှု၊ အပြန်အလှန်ထိန်းကျောင်းမှုစနစ်သစ်ကို ယခုမှပြန်ပြီး အသက်သွင်းနေရတာ ဖြစ်ပါတယ်။ ခွဲဝေတာနဲ့ ထိန်းကျောင်းတာ မတူပါဘူး။ ရှင်းရှင်းလင်းလင်းနားလည်ဖို့ လိုပါတယ်။ နောက်အရေးကြီးတာတစ်ခုက ဒီမိုကရေစီဖော်ဆောင်ရာမှာ ပုံတူကူးချလို့ မရပါဘူး။

ဒါပေမယ့် ကျွန်တော်တို့နိုင်ငံက သိပ်ကိုကံကောင်းပါတယ်။ ကမ္ဘာပေါ်မှာ ပုံစံအမျိုးမျိုးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးကို လုပ်သွားကြတာတွေရှိပါတယ်။ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ သင့်လျော်တာတွေရှိသလို လုံးလုံးမအပ်စပ်တာတွေလည်း ရှိပါတယ်။ ကိုယ့်နိုင်ငံအနေအထားနဲ့ အသင့်လျော်ဆုံးဖြစ်နိုင်မယ့် မူဘောင်တွေကို ခွဲခြမ်းစိတ်ဖြာပြီး မြန်မာ့ပုံစံ၊ မြန်မာ့ဟန်နဲ့ ကျင့်သုံးနိုင်ဖို့ လိုပါတယ်။ ကျွန်တော် လေ့လာခဲ့ရသမျှ ဒီမိုကရေစီကူးပြောင်းရေး ဖြတ်သန်းမှုအဆင့်ဆင့်မှာ ဖြေလျှော့ခြင်းအဆင့်နဲ့ အခိုင်အမာတည်ဆောက်ခြင်းအဆင့်တွေမှာ အစိုးရအဖွဲ့တွေ ခိုင်မာအားကောင်းနေမှသာ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မယ်ဆိုတဲ့အချက်ဟာ အသက်သွေးကြောဖြစ်ပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ ဒါကြောင့်လည်း အဲဒီလိုခိုင်မာအားကောင်းတဲ့အစိုးရ ဖြစ်ပေါ်လာရေးအတွက် အခြေခံဥပဒေတွေမှာ အုပ်ချုပ်မှုအာဏာကို အလေးပေး ရေးဆွဲကြရတာဖြစ်ပါတယ်။

အခြေခံဥပဒေတွေမှာ အာဏာခွဲဝေမှု အညီအမျှပေးထားပေမယ့် လက်တွေ့ကျင့်သုံးကြတဲ့အခါ မဏ္ဍိုင်ကြီးတစ်ရပ်ရပ်က အုပ်ချုပ်ရေးမဏ္ဍိုင်ကို စိန်ခေါ်လာနိုင်တဲ့အနေအထားတွေ ဖြစ်လာတတ်ပါတယ်။ ဒါဟာလည်း ဒီမိုကရေစီကူးပြောင်းရေးမှန်သမျှမှာ မလွဲမသွေကြုံတွေ့ရတတ်တဲ့ အလေ့အထတစ်ရပ်လို့လည်း ဆိုနိုင်ပါတယ်။ နောက်တစ်ချက်က အခြေခံဥပဒေကို အကောက်အယူလွဲမှားပြီး အယူအဆအလွဲကို လက်တွေ့ကျင့်သုံးခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီကူးပြောင်းစနိုင်ငံတွေမှာ အထိုင်မကျခင် ဖြစ်ပေါ်တတ်တဲ့ ခြေလှမ်းအမှားမျိုးတွေလည်း ဖြစ်ပါတယ်။

ကျွန်တော်ရောက်ရှိနေတဲ့ အမေရိကန်ပြည်ထောင်စုဟာ ဒီကနေ့လိုအနေအထားမျိုး ရောက်ရှိလာအောင် နှစ်ပေါင်းများစွာဖြတ်သန်းလာခဲ့ရတာဖြစ်ပါတယ်။ စနစ်တကျရှိတဲ့ အပြန်အလှန်ထိန်းကျောင်းမှုစနစ်ကို ဖြစ်ပေါ်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေများအပေါ်မှာအခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ခဲ့ရတာ ဖြစ်ပါတယ်။ တစ်ခါတလေမှာလည်း ပြင်ဆင်တာတွေလွဲမှားသွားလို့ ပြန်ပြီးဖြုတ်ပစ်ရတာတွေ ရှိပါတယ်။ ပြီးတော့ တစ်ချိန်ကဖယ်ထုတ်ထားခဲ့တဲ့ ပြဋ္ဌာန်းချက်တွေကို နောင်တစ်ချိန်မှာပြန်ပြီးကောက်ယူရတာတွေလည်း ရှိပါတယ်။ ဒါဟာ ဥပဒေတွေရဲ့ ရှင်သန်မှုသဘော သဘာဝလည်းဖြစ်ပါတယ်။ ဘယ်ဥပဒေမှ ပြီးပြည့်စုံပြီး အလုံးစုံကောင်းမွန်တယ်ဆိုတာ မရှိပါဘူး။ အဓိက အချက်က ဒီဥပဒေတွေကို ဘယ်လိုနားလည်သလဲ၊ ဘယ်လိုခံယူသလဲ၊ ဘယ်လိုကျင့်သုံးသလဲဆိုတာပဲ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဥပဒေတွေ၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျေကျေညက်ညက် ရှင်းရှင်းလင်းလင်း နားလည်ဖို့ လိုပါတယ်။ သာမန်အားဖြင့် သာမန်လူတွေမဆိုထားနဲ့၊ ကျွန်တော်တို့လို ဥပဒေပညာရှင်တွေ၊ ဥပဒေပြုအမတ်တွေတောင်မှ အခြေခံဥပဒေကို သိလှပါပြီ၊ သဘောပေါက်လှပါပြီလို့ ထင်မှတ်ထားကြပေမယ့် လက်တွေ့တကယ်တမ်းအသုံးချရတဲ့အချိန်ရောက်မှ ပိုပြီးနားလည်လာကြတာဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အခြေခံဥပဒေကိုကိုင်ပြီး ငြင်းကြ၊ ခုံကြတဲ့အချိန်မှာ ပိုပြီးနားလည်သဘောပေါက်လာတာဖြစ်ပါတယ်။

ဖြစ်လေ့ဖြစ်ထရှိတဲ့ ဒီလိုအကောက်အယူလွဲမှားမှုတွေဟာ တစ်ခါတစ်ရံမှာ ဒီမိုကရေစီကူးပြောင်းဖော်ဆောင်ရေး လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို ကြီးကြီးမားမားထိခိုက်မှုရှိစေတာကိုလည်း လေ့လာချက်အရ သိရှိရပါတယ်။ တကယ်တမ်းမှာလည်း အကောက်အယူ လွဲမှားမှုကို အခြေပြုပြီး လုပ်ဆောင်ချက်လွဲမှားမှုတွေ ဆက်တိုက်ပါလာတတ်လို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီသစ်ပင် မကြီးထွားနိုင်ခင်မှာ အညွန့်ကျိုးကျတတ်တဲ့ ကမ္ဘာ့အနှံ့က ဖြစ်စဉ်တွေကို ပြန်ပြီး လေ့လာကြည့်တဲ့အခါမှာ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းကြောင်းကြီးတစ်ခုလုံး ယိမ်းယိုင်သွားစေနိုင်ခဲ့တဲ့ လုပ်ဆောင်ချက် အမှားကြီးတွေဟာ သိသာထင်ရှားမှုမရှိတဲ့ ဒီလိုမျိုး အကောက်အယူလွဲမှားမှုတွေကစပြီး ဖြစ်လာတယ်ဆိုတာကို အတိအကျ တွေ့ရှိရပါတယ်။ ဒီမိုကရေစီ အထိုင်မကျခင် ပြိုလဲတတ်တဲ့ အခြေအနေမှာ ဒီအကောက်အယူလွဲမှားမှုဟာ အကြီးမားဆုံး အန္တရာယ် ဖြစ်ပါတယ်။

အဲဒီထက် ပိုပြီးဆိုးတာက ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံတွေမှာ မလွဲမသွေ ကြုံတွေ့ရတဲ့ ဒီမိုကရေစီတင်သွင်းမှုတွေပဲ ဖြစ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်တွေဟာ အထက်မှာ တင်ပြခဲ့တဲ့ အကောက်အယူ လွဲမှားမှုတွေ လုပ်ဆောင်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခြင်းမရှိတဲ့ နိုင်ငံတကာက ကျင့်စဉ်တွေကို ပြည်တွင်းကို တင်သွင်းလာပြီး ပရိုမိုးရှင်းလုပ်တတ်ကြပါတယ်။ အများအမြင်မှာ ဒီမိုကရေစီ သဘောတရားတွေ လက်ချာပေးနိုင်သူအဖြစ် ရောက်ရှိလိုတဲ့သူတွေရှိသလို တချို့ကလည်း ဒီမိုကရေစီစစ်မှန်စေလိုတဲ့ စိတ်ဆန္ဒနဲ့ ပြည်ပဒီမိုကရေစီကျင့်စဉ်တွေကို ပြည်တွင်းကို တင်သွင်းလာကြတာတွေလည်း ရှိပါတယ်။ ဒီလိုမျိုး ပြည်ပကျင့်စဉ်တွေ ပြည်တွင်းကို တင်သွင်းလာတဲ့ ဖြစ်စဉ်တွေဟာ ဒီမိုကရေစီကူးပြောင်းစ နိုင်ငံတွေရဲ့ ၇၀ ရာခိုင်နှုန်းကျော် ရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှု နုနယ်သေးတဲ့ နိုင်ငံတွေအတွက် ကြီးမားတဲ့ အန္တရာယ်ကြီးတစ်ရပ်ဖြစ်ပါတယ်။

### ဒီမိုကရေစီကူးပြောင်းရေးအတွက် ခြိမ်းခြောက်မှု (၃)ရပ်

သမိုင်းကြောင်းတစ်လျှောက် ကမ္ဘာ့အနှံ့မှာ ဒီမိုကရက်တိုင်ဇေးရှင်းဖြစ်စဉ်တွေ လှိုင်း (၃)လှိုင်းနဲ့ ဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၅၅ ခုနှစ်နောက်ပိုင်း နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ ဒီမိုကရေစီကူးပြောင်းမှု (၁၁၅) ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအပြောင်းအလဲ စုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းလောက်ပဲ ခိုင်မာပြီး ရေရှည်တည်တံ့ရှင်သန်တဲ့ ဒီမိုကရေစီအဆင့်ကို ကူးပြောင်းသွားနိုင်ခဲ့ကြပါတယ်။ နောက်တစ်ခုကတော့အိမ်နီးချင်းထိုင်းနိုင်ငံမှာ ဖြစ်ပွားခဲ့သလိုမျိုး ဒီမိုကရေစီကူးပြောင်းလိုက်၊ အာဏာသိမ်းပွဲတွေ ဖြစ်ပေါ်လာလိုက်နဲ့ တော်လှန်ရေးသံသရာလည်သွားတာဖြစ်ပြီး နိုင်ငံပေါင်း ၃၂နိုင်ငံမှာ ဒီလိုမျိုး အပြောင်းအလဲ ၄၄ခုအထိ ရှိခဲ့ပါတယ်။ နောက်တစ်ခုကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းပြီးမှာ ပြည်တွင်းစစ်၊ ပဋိပက္ခသံသရာလည်သွားတာဖြစ်ပြီး နိုင်ငံပေါင်း ၄၀ အထိရှိခဲ့ပါတယ်။ နောက်တစ်မျိုးကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းပြီးမှ နောက်ပြန်ဆုတ်ကာ အာဏာရှင်စနစ်အသက်ဝင်တဲ့ သံသရာလည်သွားတာ ဖြစ်ပါတယ်။ ဒီမိုကရေစီနောက်ပြန်လှိုင်းလို့လည်း ခေါ်တွင်ကြပြီးတော့ နိုင်ငံပေါင်း ၄၄ခုအထိ ရှိခဲ့တာ တွေ့ရှိရပါတယ်။ ပြည်တွင်းစစ်သံသရာလည်သွားချိန်မှာ နောက်ပြန်လှိုင်းက ဆက်တိုက်လိုက်ပါလာတာဖြစ်ပါတယ်။

ဒီမိုကရက်တိုင်ဇေးရှင်းဆိုင်ရာ သမိုင်းကြောင်း သင်ခန်းစာတွေ၊ သီအိုရီတွေ အမျိုးမျိုးရှိပေမယ့်လည်း ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ အနေအထားနဲ့ ကိုက်ညီပြီး ဥပဒေရှုထောင့်လည်း ပါဝင်တဲ့ ရှုမြင်သုံးသပ်ချက်တစ်ရပ် တင်ပြလိုပါတယ်။ **ဒီမိုကရေစီသက်တမ်း နုနယ်စအချိန်အခါမှာ အများအားဖြင့် ကြုံတွေ့ရလေ့ရှိပြီး အဆိုးကျော့သံသရာလည်သွားစေနိုင်တဲ့ အန္တရာယ်ကြီး (၃)ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ခြိမ်းခြောက်မှု (၃) ရပ်ရှိပါတယ်။ (အခြားသော ပညာရှင်တွေအနေနဲ့ အခြားရှုထောင့်တွေက ဖွင့်ဆိုကြပေမယ့်လည်း ကျွန်တော်ကတော့ ဥပဒေနဲ့ဆက်နွှယ်ပြီး ဖွင့်ဆိုထားတာဖြစ်ပါတယ်။) အဲဒီခြိမ်းခြောက်မှုတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-**

**(က) အသွင်ကူးပြောင်းရေးကာလတွင် တိကျခိုင်မာသော ဥပဒေမူဘောင်သတ်မှတ်နိုင်မှု မရှိခြင်း။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ် အနှစ်သာရများအပေါ် အကောက်အယူလွဲမှားခြင်း။**

**(ဂ) ပြည်ပမှ ဒီမိုကရေစီကျင့်စဉ်များကို ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေနှင့် မညီညွတ်သော အလေ့အထများ ဖြစ်ပေါ်လာခြင်း။**

### မြန်မာ့ဒီမိုကရေစီနှင့် ခြိမ်းခြောက်မှုများ

ဒီကနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင် ကူးပြောင်းစ ထိခိုက်လွယ်၊ ပြိုကွဲလွယ်တဲ့ အခြေအနေသစ်ကို ရောက်ရှိနေတာ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းစဆိုတဲ့အတိုင်းပဲ စနစ်အသစ်နဲ့ စနစ်အဟောင်း ရောထွေးနေတာတွေ ရှိနေတဲ့အတွက် တိကျခိုင်မာတဲ့ မူဘောင်ကြီးတစ်ခု ရှိရမှာ ဖြစ်ပါတယ်။ တချို့သော နိုင်ငံတွေမှာ ဒီမိုကရေစီကို တော်လှန်အုံကြွမှု၊ ဆန္ဒပြမှု၊ အစိုးရဖြုတ်ချမှု စတဲ့ ပုံစံအမျိုးမျိုးနဲ့ ကူးပြောင်းလာခဲ့ပြီးမှ ဒီမိုကရေစီဖော်ဆောင်နိုင်ခြင်းမရှိဘဲ အဆိုးသံသရာ လည်သွားခဲ့တာဟာ အဲဒီလို တိကျခိုင်မာတဲ့ မူဘောင်တစ်ရပ်မရှိလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြီးမားလှတဲ့ အန္တရာယ်ဖြစ်ပေမယ့်လည်း ကျွန်တော်တို့ နိုင်ငံကတော့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံး တိတိကျကျ ခိုင်ခိုင်မာမာ ထည့်သွင်းထားတဲ့ မူဘောင်ကြီးရှိနေခဲ့ပါတယ်။ ဒီမူဘောင်ကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပဲ ဖြစ်ပြီးတော့ လက်ရှိအချိန်မှာ စနစ်တကျ အသွင်ကူးပြောင်းသွားနိုင်တာဟာ ဒီအခြေခံဥပဒေ ခိုင်ခိုင်မာမာရှိနေလို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ လုပ်ဆောင်ချက်တွေ၊ ပြောကြားချက်တွေ၊ မျှော်မှန်းချက်တွေကို အသေးစိတ်လေ့လာကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေတယ်ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီအသွင်ကူးပြောင်းစ နိုင်ငံတွေမှာ တွေ့ကြုံရလေ့ရှိတဲ့ **ပထမခြိမ်းခြောက်မှု** ကို ကျွန်တော်တို့နိုင်ငံ ကျော်လွှန်နိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

**ဒုတိယခြိမ်းခြောက်မှု** ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီကျင့်စဉ်အနှစ်သာရများအပေါ် အကောက်အယူ လွဲမှားခြင်းတွေ ရှိနေသလားဆိုတာကို ကျွန်တော်တို့ သတိပြုဖို့ လိုပါတယ်။ ဒါဟာ ရုတ်တရက် ကြည့်လိုက်ရင် သိသာမြင်သာနိုင်ဖို့ ခက်ခဲနေပေမယ့်လည်း သိသာထင်ရှားတဲ့အဆင့် ရောက်တဲ့အချိန်မှာ ကြီးမားတဲ့ပဋိပက္ခတွေ ဖန်တီးနေတဲ့ အဆင့်မျိုးကို ရောက်ရှိနေတတ်တာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရှိနေပြီလား သတိထားပြီး လေ့လာကြည့်မိတော့ ကျွန်တော် ခေါင်းနပန်းကြီးသွားပါတယ်။ အကောက်အယူ လွဲမှားခြင်းဟာ အထူးသတိပြုရမယ့်ကိစ္စ ဖြစ်ပါတယ်။ အခုမှ ဒီမိုကရေစီ စလုံးရေစဖြစ်တဲ့အတွက် ဟုတ်နိုးနိုးကနေ အမှန်တရားသဖွယ် ရောက်ရှိသွားတတ်ပါတယ်။ ဒီလိုအမှန်တရားသဖွယ် လွဲမှားတဲ့ အကောက်အယူတွေကြောင့် လွဲမှားတဲ့ လုပ်ဆောင်ချက်တွေ ဆက်တိုက်ဆိုသလို တွဲပြီးပါလာတတ်ပါတယ်။

သိသာထင်ရှားအောင် ဥပမာတစ်ခု ပြလိုပါတယ်။ နေပြည်တော်မှာ ကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေ၊ ပြည်တွင်း-ပြည်ပ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံဖြေကြားချက်တွေမှာ မကြာခဏတွေ့ရှိနေရတဲ့ ကိစ္စရပ်တစ်ခုရှိပါတယ်။ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်၌ အမြင့်ဆုံးဖြစ်သော ဥပဒေပြုအာဏာကို ကျင့်သုံးဆောင်ရွက်နေသော ပြည်ထောင်စုလွှတ်တော်"ဆိုတဲ့ စကားရပ်ပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်မှာ "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ---"ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အမြင့်ဆုံးဖြစ်သော ဥပဒေပြုရေးအာဏာဆိုတာမျိုး သုံးနှုန်းဖော်ပြ ပြဋ္ဌာန်းထားခြင်းမရှိတာကို သတိပြုကြဖို့ လိုပါတယ်။

ဒီနေရာမှာ "အမြင့်ဆုံး"ဆိုတဲ့ စကားရပ် ဘယ်ကလာသလဲ ဆိုတာ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၄)၊ ပြည်သူ့လွှတ်တော်အခန်း၊ ပုဒ်မ ၄၁ ပြဋ္ဌာန်းချက်မှာ **"ပြည်သူ့လွှတ်တော်သည် နိုင်ငံသားများ၏ ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်"** ဆိုပြီး ဖော်ပြထားတာကို တွေ့ရှိနိုင်ပါတယ်။ ဒီနေရာမှာ သတိပြုကြဖို့က ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီစနစ်၊ ဆိုရှယ်လစ်စနစ်၊ လွှတ်တော်တစ်ရပ်တည်းရှိတဲ့စနစ် ဖြစ်နေတဲ့အချက် ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာဟာ ပါတီ၊ လွှတ်တော်၊ အစိုးရ စတဲ့ အဆင့်ဆင့်အဖွဲ့အစည်းတွေလက်ထဲမှာ ရှိတာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံရဲ့ အစောဆုံး ဒီမိုကရေစီ

ကျင့်သုံးခဲ့တဲ့ ပါလီမန်အစိုးရခေတ်ဟာလည်း
ပါလီမန်ခေတ်မှာ ဝန်ကြီးချုပ်ဟာ ပါလီမန်ထ
ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အ
ပြည်ထောင်စုအစိုးရ၊ ပုဒ်မ ၁၀၆မှာ **"အစိုးရအ
ခြောက်လမျှ တစ်ဆက်တည်း ပါလီမန်အမတ် မ
အခြား ကုန်ဆုံးသောအခါ အစိုးရအဖွဲ့ဝင် ဝန်**
ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။

အမြင့်ဆုံးဆိုတဲ့စကားရပ်က အဲဒီကနေ
နိုင်ငံမှာ တွင်တွင်ကျယ်ကျယ် သုံးနှုန်း
ဒီအကောက်အယူဟာ လွဲမှားနေတဲ့ အကော
၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သ
များအရပါ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတ
ရယူထားသူဟာ နိုင်ငံတော်သမ္မတဖြစ်ပါတယ်
ပါတီခေတ်တွေကလို ဝန်ကြီးချုပ်မဟုတ်တော့
လိုပါတယ်။ အခုဖွဲ့စည်းပုံဟာ သမ္မတအုပ်ချုပ်ေ
သာဓက တစ်ခုအနေနဲ့ ထုတ်နုတ်တင်ပြခြင်း
သတိကြီးကြီးထားပြီး မြင်တတ်ဖို့၊ အထူးသဖြင့်
အနှစ်သာရတွေကို ဒီလိုမျိုး အကောက်အယူ လွဲမှ
အရေးကြီးနေပါပြီ။

အလျဉ်းသင့်လို့ လက်ရှိမြန်မာနိုင်ငံမှာ
ကျူးရှင်းက အမြင့်ဆုံးမှာရှိသလဲဆိုတာလေးက
ပေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ
နှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်
ချက်၊ ပုဒ်မ ၅၈မှာ "နိုင်ငံတော်သမ္မတသည် ပြ
နိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး
ရရှိသည်"ဆိုတဲ့ပြဋ္ဌာန်းချက်တွေကို ကြည့်ရင် ရှ

**တတိယခြိမ်းခြောက်မှု** ဖြစ်တဲ့ ပြည်ပမှ
ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေနှင့် မ
များ ဖြစ်ပေါ်လာခြင်းဆိုတဲ့ အချက်ရော လက်
သလား လေ့လာကြည့်ဖို့လိုပါတယ်။ တွေ့နေရပ
လှတဲ့ Importing Democracy ဖြစ်နေပါ
နေပြည်တော်၊ လွှတ်တော်အစည်းအဝေးတွေမ
**ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေး
တရားစီရင်ရေးအဖွဲ့"** ဆိုပြီး တွင်တွင်ကျယ်ကျ
ကြတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စု
တစ်ရပ်စီလို့ ဆိုလိုချင်တဲ့သဘောဖြစ်ကြောင်း နာ
ဒီလိုပြောနေ၊ ခံယူကျင့်သုံးနေသူတွေအနေနဲ့ ဖွဲ့
ပေးထားချက်ကို သေသေချာချာအချိန်ယူပြီး လေ့
တယ်။

ဒါဘယ်ကရောက်လာသလဲဆိုတာ အ
ရှိနေတဲ့ ကျွန်တော်က ပိုပြီးနားလည်သဘောပေါက်
ကြီးတွေ၊ ဆရာကြီးဖြစ်ချင်တဲ့သူတွေရဲ့ ပြည်ပက
တစ်မျိုးဖြစ်ပါတယ်။ (အခု အဲဒီ ဒီမိုကရေစီဆ
ပါဘူး။ ဒါပေမယ့် သူ့ရဲ့လက်ချာအမှားတွေ
ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အ
မှားယွင်းနေတာလည်း ဖြစ်ပါတယ်။ ပြည်ထော
စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀
ထားပြီး ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ပြည
နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြ
ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ပါတယ်။ ဖွဲ့
သေချာလေ့လာကြည့်ကြမယ်ဆိုရင်၊ ဖွဲ့စည်းပုံ
သာရကို နားလည်ပြီး ခံယူလိုက်နာကြမယ်ဆို
ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်
အစိုးရ တရားစီရင်ရေးအဖွဲ့ဆိုပြီး သုံးနှုန်းကြမ
တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်
ကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေမှာ သွ
ဒီမိုကရက်တိုင်ဇေးရှင်းအတွက် အန္တရာယ်ကြီး
ကြဖို့လိုပါတယ်။

### နိဂုံး

ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်
ကူးပြောင်းရေးဖြစ်စဉ်အသစ်ကြောင့် ကမ္ဘာ့သမိုင်း
အသစ် ဖြစ်လာတော့မယ့်အခြေအနေအတွက် မ
မိပါတယ်။ တစ်ဖက်ကလည်း နုနယ်စ ဒီမိုကရေ
တွေကို သတိပြုကြဖို့၊ ဒီခြိမ်းခြောက်မှုတွေကနေ
အဆင့်အထိ ရောက်ရှိမလာနိုင်အောင် ဉာဏ်
သုံးသပ်ကြဖို့ သတိပေးလိုခြင်းသက်သက် ဖြစ်ပါ
မြန်မာ့ဒီမိုကရေစီအဖြစ် သမိုင်းတွင်ရစ်တာကိုပဲ
နိဂုံးချုပ်/မချုပ် အငြင်းပွားမှုတွေကြားထဲမှာ ထွ
တိုင်ဇေးရှင်းမော်ဒယ်လ်အသစ်ဖြစ်တဲ့ မြန်မာ
ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်း
ရပါတယ်။ ။

---

**မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်**

**၃၀-၄-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၁၅ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၅ အတီးပြိုင်ပွဲ
- ၈း၃၀ "ကားနှင့်ရထားလမ်းနှစ်သွယ်ယှဉ်တံတားဆင်ဖြူရှင်"
- ၈း၄၀ International News
- ၈း၄၅ တေးဂီတအစီအစဉ်
- ၉း၃၀ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ အကပဒေသာ
- ၄း၂၀ တေးဂီတအစီအစဉ်
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(အင်္ဂလိပ်စာ အထူးပြု)(အင်္ဂလိပ်စာ)
- ၄း၄၅ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅း၁၅ မြန်မာစာ၊ မြန်မာစကား
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်**
- ၈း၀၀
- \-
- \-
- \-
- \-

ကျင့်သုံးခဲ့တဲ့ ပါလီမန်အစိုးရခေတ်ဟာလည်း လက်ရှိစနစ်နဲ့ မတူပါဘူး။ ပါလီမန်ခေတ်မှာ ဝန်ကြီးချုပ်ဟာ ပါလီမန်ထဲမှာရှိနေတာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အခန်း(၇)၊ ပြည်ထောင်စုအစိုးရ၊ ပုဒ်မ ၁၀၆မှာ **“အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးသည် ခြောက်လမျှ တစ်ဆက်တည်း ပါလီမန်အမတ် မဟုတ်လျှင် ထိုကာလအပိုင်းအခြား ကုန်ဆုံးသောအခါ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ ရပ်စဲရမည်”** ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။

အမြင့်ဆုံးဆိုတဲ့စကားရပ်က အဲဒီကနေ ကောက်ယူပြီး အခု မြန်မာနိုင်ငံမှာ တွင်တွင်ကျယ်ကျယ် သုံးနှုန်းလာကြတာတွေ့ရပါတယ်။ ဒီအကောက်အယူဟာ လွဲမှားနေတဲ့ အကောက်အယူဖြစ်နေပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရအရရော၊ ပြဋ္ဌာန်းချက်များအရပါ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပါတယ်။ အုပ်ချုပ်မှုအာဏာကို ရယူထားသူဟာ နိုင်ငံတော်သမ္မတဖြစ်ပါတယ်။ ပါလီမန်ခေတ်၊ လမ်းစဉ်ပါတီခေတ်တွေကလို ဝန်ကြီးချုပ်မဟုတ်တော့တာကို အထူးသတိပြုကြဖို့ လိုပါတယ်။ အခုဖွဲ့စည်းပုံဟာ သမ္မတအုပ်ချုပ်ရေးစနစ် ဖြစ်ပါတယ်။ ဒါဟာ သာဓက တစ်ခုအနေနဲ့ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါတယ်။ ဒါတွေကို သတိကြီးကြီးထားပြီး မြင်တတ်ဖို့၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရတွေကို ဒီလိုမျိုး အကောက်အယူ လွဲမှားမှုတွေနဲ့ ပြောင်းလဲမပစ်ဖို့ အရေးကြီးနေပါပြီ။

အလျဉ်းသင့်လို့ လက်ရှိမြန်မာနိုင်ငံမှာ ဘယ်လိုမျိုး အင်စတီကျူးရှင်းက အမြင့်ဆုံးမှာရှိသလဲဆိုတာလေးကို ပြန်ပြောင်းအတည်ပြုပေးလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၅၇မှာ “နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်” ဆိုတဲ့ ပြဋ္ဌာန်းချက်၊ ပုဒ်မ ၅၈မှာ “နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိသည်”ဆိုတဲ့ပြဋ္ဌာန်းချက်တွေကို ကြည့်ရင် ရှင်းသွားပါလိမ့်မယ်။

**တတိယခြိမ်းခြောက်မှု** ဖြစ်တဲ့ ပြည်ပမှ ဒီမိုကရေစီကျင့်စဉ်များကို ပြည်တွင်းသို့ တင်သွင်းလာသဖြင့် ဥပဒေနှင့် မညီညွတ်သော အလေ့အထများ ဖြစ်ပေါ်လာခြင်းဆိုတဲ့ အချက်ရော လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်နေသလား လေ့လာကြည့်ဖို့လိုပါတယ်။ တွေ့နေရပါတယ်။ အန္တရာယ်ကြီးမားလှတဲ့ Importing Democracy ဖြစ်နေပါတယ်။ အတိအကျဆိုရရင် နေပြည်တော်၊ လွှတ်တော်အစည်းအဝေးတွေမှာ **“ပြည်ထောင်စုအစိုးရ ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုအစိုးရ တရားစီရင်ရေးအဖွဲ့”** ဆိုပြီး တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောကြားနေကြတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ အစိတ်အပိုင်းတစ်ရပ်စီလို့ ဆိုလိုချင်တဲ့သဘောဖြစ်ကြောင်း နားလည်ပါတယ်။ ဒါပေမယ့် ဒီလိုပြောနေ၊ ခံယူကျင့်သုံးနေသူတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့ ပေးထားချက်ကို သေသေချာချာအချိန်ယူပြီး လေ့လာစဉ်းစားသင့်ပြီ ဖြစ်ပါတယ်။

ဒါဘယ်ကရောက်လာသလဲဆိုတာ အမေရိကန်ပြည်ထောင်စုမှာ ရှိနေတဲ့ ကျွန်တော်က ပိုပြီးနားလည်သဘောပေါက်ပါတယ်။ ဒီမိုကရေစီဆရာကြီးတွေ၊ ဆရာကြီးဖြစ်ချင်တဲ့သူတွေရဲ့ ပြည်ပက တင်သွင်းလာတဲ့ ဗားရှင်းတစ်မျိုးဖြစ်ပါတယ်။ (အခု အဲဒီ ဒီမိုကရေစီဆရာကြီးတချို့ မရှိကြတော့ပါဘူး။ ဒါပေမယ့် သူ့ရဲ့လက်ချာအမှားတွေ ကျန်နေတာဖြစ်ပါတယ်။) ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အတိအကျကြီးကို သွေဖည်မှားယွင်းနေတာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၀ မှာ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့မှာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေချာလေ့လာကြည့်ကြမယ်ဆိုရင်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ အနှစ်သာရကို နားလည်ပြီး ခံယူလိုက်နာကြမယ်ဆိုရင် ပြည်ထောင်စုအစိုးရ ဥပဒေပြုအဖွဲ့၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုအစိုးရ တရားစီရင်ရေးအဖွဲ့ဆိုပြီး သုံးနှုန်းကြမှာ မဟုတ်ပါဘူး။ နောက်တစ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခြင်းမရှိတာတွေကို ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွေမှာ သွတ်သွင်းခြင်းဟာ နုနယ်စ ဒီမိုကရက်တိုင်ဇေးရှင်းအတွက် အန္တရာယ်ကြီးတယ်ဆိုတာကို သတိပြုကြဖို့လိုပါတယ်။

**နိဂုံး**

ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်အသစ်ကြောင့် ကမ္ဘာ့သမိုင်းမှာ စံနမူနာပြ မော်ဒယ်လ်အသစ် ဖြစ်လာတော့မယ့်အခြေအနေအတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ တစ်ဖက်ကလည်း နုနယ်စ ဒီမိုကရေစီအတွက် ခြိမ်းခြောက်မှုတွေကို သတိပြုကြဖို့၊ ဒီခြိမ်းခြောက်မှုတွေကနေ ဘေးအန္တရာယ်ကြီးတွေ အဆင့်အထိ ရောက်ရှိမလာနိုင်အောင် ဉာဏ်အမြော်အမြင်နဲ့ ဆင်ခြင်သုံးသပ်ကြဖို့ သတိပေးလိုခြင်းသက်သက် ဖြစ်ပါတယ်။ မြန်မာ့ဒီမိုကရေစီကို မြန်မာ့ဒီမိုကရေစီအဖြစ် သမိုင်းတွင်ရစ်တာကိုပဲ မြင်ချင်ပါတယ်။ သမိုင်းနိဂုံးချုပ်/မချုပ် အငြင်းပွားမှုတွေကြားထဲမှာ ထွက်ပေါ်လာတဲ့ ဒီမိုကရက်တိုင်ဇေးရှင်းမော်ဒယ်လ်အသစ်ဖြစ်တဲ့ မြန်မာလမ်းကြောင်းအသစ်မှာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်း မေတ္တာရပ်ခံ တင်ပြလိုက်ရပါတယ်။ ။


အဖွဲ့ဖျော်ဖြေခန်း)
၅း၁၅ မြန်မာစာ၊ မြန်မာစကား
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
**ချမ်းမြေ့ပျော်ရွှင်**

(အပိုင်း-၂၃)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ကမ္ဘာကျော်သရုပ်ဆောင်များ


◆ *ကျောဖုံးမှ*

ကီလိုဝပ်နာရီ သန်းပေါင်း ၃၆၇၈၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၄၀၀၈၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၄၂၄၇၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၄၇၃၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၆၅၄၃၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၇၇၈၀ ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် တစ်နှစ်လုံး မိမိတို့၏ ဓာတ်အားပေးစက်ရုံများမှ ကီလိုဝပ်နာရီသန်းပေါင်း ၉၁၀၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း။

**ထုတ်လုပ်ပေးနိုင်မည်**

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ သဘာဝအရလည်း မိုးကာလတွင် ရာနှုန်းပြည့်နီးပါး လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်ပြီး နွေကာလတွင် တမံ၌ရှိသော ရေပမာဏအပေါ် မူတည်၍ လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်မှု လျော့နည်းခြင်းကြောင့်လည်း ဖြစ်ကြောင်း၊ နွေရာသီဓာတ်အားပေးမှုကို သုံးသပ်လျှင် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများ၏ အမြင့်ဆုံးဓာတ်အား လိုအပ်ချိန်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပေးစက်ရုံများမှ ၁၁၆၈ မဂ္ဂါဝပ်၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၃၃၀ မဂ္ဂါဝပ် ထုတ်လုပ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများ၏ အမြင့်ဆုံးဓာတ်အား လိုအပ်ချိန်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဓာတ်အားပေးစက်ရုံများမှ ၁၃၄၀ မဂ္ဂါဝပ်၊ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၃၅၂ မဂ္ဂါဝပ်အထိ ထုတ်လုပ်ခဲ့ကြောင်း၊ ဓာတ်အားထုတ်လုပ်ပေးမှုမှာ ယခင်နှစ်နွေရာသီထက် လျော့သွားခြင်းမရှိကြောင်း၊ ၂၀၁၂ ခုနှစ် မေ၊ ဇွန်လများအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပေးစက်ရုံများမှ အမြင့်ဆုံးဓာတ်အား လိုအပ်ချိန်တွင် ၁၂၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်ရန် စီစဉ်ထားပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှလည်း မဂ္ဂါဝပ် ၃၀၀မှ ၃၅၀အထိ ထုတ်လုပ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

**မှာကြား**

မြန်မာ-တရုတ် ဖက်စပ်တည်ဆောက်ခဲ့သော ဓာတ်အားပေးစက်ရုံအဖြစ် တာပိန်(၁)နှင့် ရွှေလီဓာတ်အားပေးစက်ရုံ နှစ်ရုံရှိကြောင်း၊ တာပိန် (၁)စက်ရုံမှာ လုံခြုံရေးအခြေအနေများအရ (၁၄. ၆. ၂၀၁၁) ရက်မှစ၍ ရပ်နားထားရပြီး ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်း မရှိကြောင်း၊ ရွှေလီ(၁)ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သောဓာတ်အားကို အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းမှ သီးသန့်ဝယ်ယူမှုအဖြစ် ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ ၂၁၀ မဂ္ဂါဝပ်၊ ၂၀၁၀ ခုနှစ် ဇူလိုင်လမှ ၂၀၁၁ ခုနှစ် ဇွန်လအထိ ၂၁၀ မဂ္ဂါဝပ်၊ ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၂ ခုနှစ် ဇွန်လအထိ ၁၁၀ မဂ္ဂါဝပ် ဝယ်ယူအသုံးပြုခဲ့ကြောင်း၊ ယခုနွေရာသီတွင် ဓာတ်အား ထပ်မံလိုအပ်ချက်အရ မဟာဓာတ်အားလိုင်းသည် နောက်ထပ် မဂ္ဂါဝပ် ၁၀၀ ထပ်မံဝယ်ယူလိုကြောင်း အဆိုပြုသဖြင့် ဖက်စပ်ကုမ္ပဏီမှ ရောင်းချပေးရန် စီစဉ်ပေးလျက်ရှိကြောင်း၊ ရွှေလီဖက်စပ်ကုမ္ပဏီမှ လျှပ်စစ်ဓာတ်အား ရောင်းချသောစနစ်သည် တစ်နှစ်စာ စာချုပ်ချုပ်၍ ရောင်းချသော စနစ်ဖြစ်ကြောင်း၊ ဓာတ်အားရောင်းချပေးသော ဈေးနှုန်းမှာလည်း မြန်မာဘက်ရောင်းချခြင်းနှင့် တရုတ်ဘက်ရောင်းချခြင်း ဈေးနှုန်း အတူတူပင်ဖြစ်ကြောင်း၊ လျှပ်စစ်တစ်ယူနစ်/ တစ်ကီလိုဝပ်နာရီလျှင် ယွမ်ငွေ ၀ ဒသမ ၁၈၉ ယွမ်၊ မြန်မာကျပ်ငွေဖြင့်ဆိုလျှင် ၂၄ ဒသမ ၆၀ ကျပ်ခန့်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် မိမိတို့ဝန်ကြီးဌာနမှ ကိုယ်တိုင်တည်ဆောက်နေသည့် ဖြူး၊ နန်ချို၊ အထက်ပေါင်းလောင်း စီမံကိန်းများသည် တစ်နှစ်ပြီးလျှင်တစ်နှစ် ဆက်တိုက်ပြီးစီးလာမည်ဖြစ်ပြီး စုစုပေါင်း မဂ္ဂါဝပ် ၂၂၀ တိုးတက်ရရှိမည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပင် မိမိတို့ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ B.O.T စနစ်ဖြင့် ပူးပေါင်းတည်ဆောက်နေသည့် သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)၊ အထက်ဘီလူးချောင်း စီမံကိန်းများသည်လည်း တစ်နှစ်ပြီး တစ်နှစ် ဆက်တိုက်ပြီးစီးမည်ဖြစ်ပြီး စုစုပေါင်းမဂ္ဂါဝပ် ၂၀၂ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားများကိုလည်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းမှ ထပ်မံဝယ်ယူလာမည်ဖြစ်၍ လက်ကားရောင်းချပေးနိုင်ရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ကြိုတင်စီစဉ် ဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း၊ လျှပ်စစ်တစ်ယူနစ်/တစ်ကီလိုဝပ်နာရီ၏ ထုတ်လုပ်စရိတ်များသည် စက်ရုံ တစ်ရုံနှင့် တစ်ရုံ ထုတ်လုပ်စရိတ် မတူညီသဖြင့် ရောင်းချစရိတ်များသည်လည်း စက်ရုံတစ်ရုံနှင့်တစ်ရုံ မတူနိုင်ကြောင်း၊ ဥပမာအားဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ပျမ်းမျှ လျှပ်စစ်တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်သည် ၁၉ ဒသမ ၅၅ ကျပ်ဖြစ်ပြီး တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်သည် ၅၃ ဒသမ ၅၄ ကျပ်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် တိုးတက်လိုအပ်လာသော လျှပ်စစ်ဓာတ်အားကို နှစ်စဉ်တိုးတက်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ရောင်းချပေးနိုင်ရန်နှင့် ဓာတ်အားပေးစက်ရုံများ၏ ကြံ့ခိုင်ကောင်းမွန်ရေးကိုလည်း အမြဲမပြတ် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ကော့သောင်းဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီးတွင် လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၉**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိရာ လေဆိပ်၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် တိုက်ရိုက်ချိတ်ဆက်၍ လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲခြင်းဖြင့် နိုင်ငံခြားသား ခရီးသည်များ၊ ခရီးသွားလုပ်ငန်းများ အဆင့်မြင့်တင်ပေးရန်အတွက် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ရှိလေယာဉ်ပြေးလမ်းကို အလျားပေ ၅၄၀၀ မှ အလျား ပေ ၁၀၀၀၀ ရရှိသည်အထိ တိုးချဲ့နိုင်ရေး ကြိုတင်ဆောင်ရွက်ထားရန်၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့အား လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ရေးအတွက် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ထားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်လေဆိပ်သို့ ရောက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လေယာဉ်ပြေးလမ်း အကျယ်ကို ပေ ၁၅၀ ရရှိသည်အထိ တိုးချဲ့ပေးရန်၊ Night Landing Facilities တပ်ဆင်ပေးရန်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးက လေယာဉ်ပြေးလမ်း အကျယ် တိုးချဲ့ရာတွင် စံချိန်စံညွှန်းကိုက်ညီရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဦးစားပေးရွေးချယ် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် မြိတ်လေဆိပ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ မြန်မာ့လေကြောင်းနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်း၊ လေဆိပ်အဆောက်အအုံနှင့် မြိတ်ဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော့သောင်းလေဆိပ်သို့ သွားရောက်စစ်ဆေးကာ လေယာဉ်ပြေးလမ်းတိုးချဲ့ရန်လိုအပ်ပါက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားပြီး ကော့သောင်းဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၉**

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Guido Westerwelle ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Christian- Ludwig Weber Lortsch နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr.Guido Westerwelle နှင့်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**ဓာတ်ဆီ ဖြည့်မှု သတိပြု**

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန။

# ကျောက်ဆည်မြို့၌ စက်ရေတွင်းတူးဖော်

နေပြည်တော် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ သောက်သုံးရေရှားပါးသော ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် စက်ရေတွင်းတစ်တွင်း အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီဖြစ်သည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်းက ကျောက်ဆည်မြို့ရှိ ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ Bourne တွင်းတူးစက်ဖြင့် ခြောက်လက်မစက်ရေတွင်း တစ်တွင်းကို အောင်မြင်စွာတူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစက်ရေတွင်းသည် ရေထွက်နှုန်း တစ်နာရီ ဂါလန်၂၈၀၀ ၊ ရေနေပေ ၂၈/၈၅ ပေ၊ တွင်းတူးအနက်ပေ ၃၆၅ ပေဖြစ်ပြီး ဓာတ်ခွဲစမ်းသပ်ချက်အရ ရေအရည်အသွေးကောင်းမွန်သဖြင့် သောက်သုံးရေအဖြစ်အသုံးပြုနိုင်သည်။

ကျောက်ဆည်မြို့ ဝေဘူချောင် ဘုန်းတော်ကြီးကျောင်းသည် ယခင်ခေတ်အဆက်ဆက်တွင် ရေအလွန်ရှားပါးသဖြင့် မိုးရေကိုသာ အဓိက အားထားခဲ့ရသည်။ ပထမ ဝေဘူဆရာတော်ကြီး လက်ထက်တွင် ကျောင်းဝင်းအတွင်း ရေတွင်းတူးဖော်ခဲ့သော်လည်း ကျောက်ဖျာတွေ့ရှိသဖြင့် တစ်နေ့လျှင် ရေဂါလန် ၄၅၀ ခန့်သာထွက်ရှိခဲ့ပြီး ရေလုံလောက်မှုမရှိခဲ့ချေ။

ဒုတိယဝေဘူဆရာတော်ကြီးလက်ထက်တွင် ငွေကျပ်သုံးသိန်းခန့် အကုန်အကျခံ၍ စိန်လွန်သွား သုံးခုဖြင့်စက်ရေတွင်းတူးဖော်ခဲ့သော်လည်း ပေ ၁၈၀ အနက်တွင် ၁၅ မိနစ်ခန့်သာရေထွက်ခဲ့ပြီး နောက်ပိုင်း အောင်မြင်မှု မရှိခဲ့ဟုသိရသည်။ ယင်းသို့အကြိမ်ကြိမ်စက်ရေတွင်းတူးဖော်၍ အောင်မြင်မှုမရှိဘဲဖြစ်ခဲ့ရာမှ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကူညီစီစဉ်ပေးမှုဖြင့် ၂၀၁၁ ခုနှစ် မေလအတွင်းက စက်ရေတွင်း တူးဖော်ခဲ့ရာ စက်ရေတွင်းစတင်တူးဖော်သည်မှ ၁၄ ရက်အကြာတွင်ရေထွက်ရှိပြီး ပထမဆုံးအကြိမ် အောင်မြင်စွာတူးဖော်နိုင်ခဲ့ခြင်းဖြစ်သည်။

ဝေဘူချောင်ဘုန်းတော်ကြီးကျောင်းတိုက်၏ လက်ရှိပဓာနနာယကဆရာတော် သာသနဓဇမဟာစရိယ ဘဒ္ဒန္တဉာဏိန္ဒက "မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်က ကျောင်းဝင်းအတွင်းရှိ ရေကန်ကြီးမှာ ရေတွေလျှံကျနေသည်ဟု အိပ်မက်မက်ခဲ့ကြောင်း၊ ရေအလွန်ရှားပါးလွန်းသဖြင့် အိပ်မက်ကိုမယုံကြည်နိုင်လောက်အောင်ဖြစ်ခဲ့ရကြောင်း၊ သို့သော်လည်း ယခုအခါ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ စက်ရေတွင်းတူးဖော်ပေးမှုကြောင့် အိပ်မက်မှာအမှန်တကယ်ဖြစ်လာပြီဖြစ်ကြောင်း၊ ရေအခက်အခဲမရှိတော့၍ ကျောင်းနေသံဃာများနှင့် ဒါယကာ ဒါယိကာမများ အလွန်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း" မိန့်ကြားတော်မူခဲ့သည်။ ယခုအခါ ကျောင်းဝင်းအတွင်း အလှူရှင်တစ်ဦး လှူဒါန်းထားသော အုတ်ရေစင်ပေါ်သို့ စက်ရေတွင်းမှရေစုပ်တင်၍ ကျောင်းတိုက်အတွင်း တစ်နေ့လျှင် ရေဂါလန် ၄၀၀၀ ကျော် ဖြန့်ဝေပေးလျက်ရှိရာ သောက်သုံးရေအလုံအလောက်ရရှိနေပြီဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သိရှိရသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ကိုထွေး



ကျောက်ဆည်မြို့ ဝေဘူချောင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ အောင်မြင်စွာ တူးဖော်နိုင်ခဲ့သော စက်ရေတွင်းနှင့် အုတ်ရေစင်ကို ဤသို့တွေ့ရသည်။

# ကချင်ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၉

၂၀၁၂ ခုနှစ် ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဧပြီ ၂၇ ရက် ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားခရိုင် အမျိုးသမီးဘောလုံးအသင်းနှင့် ဗန်းမော်ခရိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြစ်ကြီးနားခရိုင် အမျိုးသမီးဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အသင်းလိုက်ဒုတိယတစ်ဦးချင်းဆုများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၏ ဇနီးကလည်းကောင်း၊ အသင်းလိုက် ပထမတစ်ဦးချင်းဆုများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၏ဇနီးကလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုများကို ပြည်နယ်တရားသူကြီးချုပ်၏ဇနီးကလည်းကောင်း၊ အသင်းလိုက်ဒုတိယဆုဖလားနှင့်ဆုကြေးငွေအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ဇနီးတို့ကလည်းကောင်း အသီးသီးချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံက ပထမဆုရ မြစ်ကြီးနားခရိုင် အမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကြီးနှင့်ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ဧပြီ ၁၇ ရက်က အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် ရွာသစ်အနောက် မေတ္တာဝါဒီဆွမ်းလောင်းဓမ္မာရုံတွင် ဓမ္မာရုံဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက အဘိုးအဘွား ၄၃ ဦးတို့အား ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

# ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့ ပညာပေးဟောပြောပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ပညာပေးဟောပြောပွဲကို မှော်ဘီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မှော်ဘီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာခင်နွဲ့ရီက တိရစ္ဆာန်များကျန်းမာရေးတိုးတက်မြင့်မားခြင်းဖြင့် ပြည်သူလူထုကျန်းမာရေးတိုးတက်မြင့်မားစေမည့်အကြောင်း၊ ကြွက်၊ နွား တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အဏုဇီဝပိုးမွှားယဉ်ပါးမှုမှ ကာကွယ်ရေးအကြောင်းကို ဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါက်တာဟန်ဝင်းအောင်နှင့် ဒေါက်တာ ဇော်မင်းဦးတို့က ခွေးရူးရောဂါအကြောင်းနှင့် ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်နည်းအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။ အခမ်းအနားတွင် ဝက်နားရွက်ပြာနှင့် ကြက်ငှက်တုပ်ကွေးရောဂါတို့အကြောင်း သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# မြစ်ကြီးနားအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြစ်ကြီးနားအသင်း(ရန်ကုန်)၏ အကြိမ် (၂၀)မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပထမအကြိမ်သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီခွဲက ကျောက်စိမ်းခမ်းမ‌ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားအသင်း(ရန်ကုန်) နာယက မနုဿဦးကျော်ဝင်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကန်တော့ခံပုဂ္ဂိုလ် ၅၀ အား တက်ရောက်လာသူများက ပူဇော်ကန်တော့ကြပြီး ကန်တော့ခံပုဂ္ဂိုလ်များကိုယ်စား ဦးထွန်းသိန်းက ဆုံးမသြဝါဒစကားပြောကြားသည်။ ယင်းနောက် ကန်တော့ခံပုဂ္ဂိုလ်များအား အလှူငွေနှင့် ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ထို့နောက် မြစ်ကြီးနားအသင်း(ရန်ကုန်) နာယကများဖြစ်သည့် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်း မိသားစုက သာရေး၊ နာရေးဆပ်ကော်မတီအတွက် အလှူငွေကျပ် သိန်း ၃၅၀ ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းသားအသင်းသူများ၏ သားသမီး ၁၁ဦးအား မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ဇနီး ဒေါ်မူမူဝင်း (နာယက၊ မြစ်ကြီးနားအသင်း)၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပပြီး မြစ်ကြီးနားအသင်း (ရန်ကုန်)ကို ဥက္ကဋ္ဌ ဦးစောနွဲ့သန်းစိန်၊ အတွင်းရေးမှူး ဒေါ်တင်တင်ညွန့်၊ အမှုဆောင် ၃၀ တို့ဖြင့် ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

## ရပ်ကွက်တွင်းမှ သားသတ်လုပ်ငန်းကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

မော်လမြိုင်မြို့ မောင်ငံကွင်းရပ် သုခလမ်းရှိ နေအိမ်ဝင်းအတွင်း ခွင့်ပြုချက်မရှိဘဲ ကျွဲနွားများသိုလှောင်ပြီး ရပ်ကွက်အတွင်းတွင် သတ်ဖြတ်သဖြင့် အညစ်အကြေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သုခလမ်းသား**

## ပရိဘောဂဆေးမှုတ်နံ့မခံနိုင်

**စာတည်းခင်ဗျား-**

ကယားပြည်နယ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက် အုပ်စု(၂) တောင်ဇလပ်လမ်းရှိ ပရိဘောဂလုပ်ငန်းမှ ပရိဘောဂများအား ဆေးသုတ်၊ ဆေးမှုတ်ပြုလုပ်သဖြင့် အနံ့အသက်ဆိုးများထွက်ပေါ်ပျံ့နှံ့ပြီး ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် လိုအပ်သလိုအရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

## လမ်းဘေးဈေးသည်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)နှင့် အနော်ရထာလမ်းထိပ်တွင် လမ်းဘေးဈေးသည်များနေ့/ညပိတ်ဆို့ဖွင့်လှစ်ရောင်းချနေပါသဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ အညှော်နံ့များကြောင့် ကျန်းမာရေးထိခိုက်ခြင်း၊ ကားလမ်းပိတ်ဆို့ခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

## ရပ်ကွက်အတွင်းရှိ သံဒယ်အိုးလုပ်ငန်း ဆူညံလွန်း

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် တေးဥယျာဉ်(၃)လမ်းရှိ ရပ်ကွက်တွင်းသံဒယ်အိုးလုပ်ငန်းမှ ထုရိုက်သံများ နားမခံသာအောင် ဆူညံသည်မှာ နှစ်ချီကြာမြင့်လာပြီဖြစ်ပြီး ပတ်ဝန်းကျင်နေပြည်သူများစိတ်အနှောင့်အယှက်ဖြစ်၍ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ရှင်းလင်းဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

မြန်မာ့အလင်း မှုခင်းသတင်း ၂၉-၄-၂၀၁၂

## နှစ်လုံးထီ၊ သုံးလုံးထီရောင်းသူအား ကလေးမြို့တွင် ဖမ်းဆီးအရေးယူ

ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကလေးခရိုင် ဒုစရိုက်နှိမ်နင်းရေး အဖွဲ့မှ တာဝန်ရှိသူများသည် သက်သေများနှင့်အတူ ကလေးမြို့ အောင်ဇေယျရပ်ကွက် အားကစားလမ်းတွင် စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ မညိုမာ၏ Lily စာတန်းပါ အဖြူရောင်အိတ်အတွင်းမှ နှစ်လုံးဂဏန်းများနှင့် ငွေတန်ဖိုးများရေးသားထားသော ဗလာစာအုပ်တစ်အုပ်၊ နှစ်လုံးဂဏန်းနှင့် ငွေတန်ဖိုးများ ရေးသားထားသော စာရွက်ခြောက်ရွက်နှင့် ငွေစက္ကူမျိုးစုံကျပ် ၂၅၀၀၊ ဘောလ်ပင်တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသဖြင့် တရားမဝင် နှစ်လုံးထီရောင်းသူ မညိုမာအား လောင်းကစားဥပဒေအရ အရေးယူထားကြောင်း သိရှိ ရသည်။ **(၁၆၅)**

## ဘရိတ်ပေါက်ပြီး ကားချောက်ထဲကျ ယာဉ်နောက်လိုက်သေဆုံး

*ဖြစ်စဉ်မှာ ဧပြီ ၂၄ ရက် ညနေ ၅နာရီခွဲက ရေကြည်မြို့နယ် ဂွ- ငါးသိုင်းချောင်း ကားလမ်း မိုင်တိုင်အမှတ် ၁၄/၅နှင့် ၁၄/၆အကြား ဂွဘက်မှ သန်းတိုး(ခ) တိုးရှည် ၄၇နှစ်(ဘ-ဦးမောင်မောင်) ကျောက်ဖြူမြို့နေသူ မောင်းနှင်သော အ/-- ဒေါင်ဖန်း မော်တော်ယာဉ်မှာ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်း ချောက်ထဲသို့ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်နောက်လိုက်အသေးလေး (ခ)သန်းလင်းထွန်း ၁၉ နှစ်(ဘ-ဦးထွန်းစိန်) သံတွဲ ၆ ရပ်ကွက် သဇင်လမ်းနေသူ၏ တစ်ကိုယ်လုံးအနှံ့ ညိုမဲဒဏ်ရာများရရှိသေဆုံးပြီး ကျော်ဝေ ၅၀နှစ်(ဘ-ဦးကျော်အေး)ရန်ကုန် ဘုရင့်နောင်ဝင်းနေသူမှာ ချိုစောင်းဖူးရောင်၊ ရင်ဘတ်၊ ကျောအောင့်ဒဏ်ရာများ ရရှိသွားသဖြင့် မဆင်မခြင်ယာဉ်မောင်းသူအား ဖမ်းဆီးအရေး ယူထားရှိကြောင်း သိရသည်။*

## နံချပ်ကူဖြင့် ရိုက်နှက်ခံရသဖြင့် လူငယ်တစ်ဦးသေဆုံး

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်ပိုင် သာယာကုန်းလမ်း(ဝဲဘက်) လမ်းဘေးတွင် ဖွင့်လှစ်ထားသည့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ဧပြီ ၁၅ ရက် ည ၇ နာရီကျော်အချိန်တွင် လက်ဖက်ရည်သောက်နေသည့် လူငယ်တစ်ဦးကို သာယာကုန်းလမ်းနေ လူငယ်တစ်ဦးက အသင့်ကိုင်ဆောင်လာသည့် ကိုးလက်မအရှည်ရှိ သံထည်နံချပ်ကူဖြင့် ရိုက်နှက်ရာ လက်ဖက်ရည်သောက်နေသည့် လူငယ်၏ ဦးခေါင်းနောက်စေ့ နှစ်လက်မခန့် ပေါက်ပြဲပြီး ဆေးရုံသို့ တင်ပို့ရာ သေဆုံးသွားခဲ့သည်။

ရိုက်နှက်ခံရသူမှာ မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ရဲမြန်မာလမ်း စာတိုက်ဝင်းနေ ဦးဘာဘူရောင်း၏သား မောင်သီဟထွေး အသက် ၂၂ နှစ် ဖြစ်သည်။

အမှုနှင့်ပတ်သက်၍ နံချပ်ကူကိုင်ရိုက်နှက်ခဲ့သော တရားခံမှာ ထွက်ပြေးတိမ်းရှောင်သွားမည့်ဆဲဆဲ မြို့မ ရဲတပ်ဖွဲ့ ရဲစခန်းမှူး ရဲအုပ်စန်းဝင်း၊ နယ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ခင်မောင်ဇော်နှင့်နယ်ထိန်းတပ်ဖွဲ့များက နာရီပိုင်းအတွင်း မော်လမြိုင်မြို့ သာယာကုန်းရပ် အမှတ်(မ/၅၆-ဘီ)နေ (ဘ) ဦးဇော်ဝင်း၏သား ဘဲဥ (ခ) ကိုကိုနိုင် (ခ) စလင်း အသက် ၂၆ နှစ်ကို ဖမ်းဆီးလိုက်ကြောင်း သိရှိရသည်။ **(၁၀၇)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

# အီတလီစီးရီးအေပွဲစဉ်(၃၅)ယှဉ်ပြိုင်၊ ရိုးမားနှင့် နာပိုလီတို့ သရေပွဲဖြစ်

ရောမ ဧပြီ ၂၉

**စီးရီးအေပွဲစဉ်(၃၅)ကို ဧပြီ ၂၉ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရိုးမားနှင့်နာပိုလီအသင်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သဖြင့် တန်းစီဇယား တတိယနေရာမှ နာပိုလီတို့ အဖိုးတန်နှစ်မှတ် လက်လွှတ်ဆုံးရှုံးခဲ့သည်။**

ရိုးမားတို့က အိမ်ကွင်း၌ မာမာတင်းတင်းကစားမှုကြောင့် နာပိုလီတို့ပွဲအစပိုင်း၌ အဖွင့်ဂိုးမသွင်းနိုင်ခဲ့ချေ။ အိမ်ရှင်ရိုးမားအတွက် ပွဲချိန် ၄၂ မိနစ်၌ မာကွင်ဟိုက သွင်းယူပေးခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

သို့သော် ပွဲချိန် ၄၉ မိနစ်၌ နာပိုလီမှ ဇူနီဂါက ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်နေခဲ့သည်။ နာပိုလီတို့ ချေပဂိုးရရှိပြီး ဆက်လက်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၆၇ မိနစ်၌ ကာဗာနီက နာပိုလီအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် ဒုတိယပိုင်းပွဲချိန်ပြည့်ခါနီး ၈၈ မိနစ်၌ ရိုးမားအတွက် ဆမ်ပလီစီရိုက ချေပဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲအပြီး နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ နာပိုလီသည် ယခုပွဲသရေကျခဲ့သဖြင့် ၃၅ ပွဲကစား၊ ၅၅ မှတ်ဖြင့် တန်းစီဇယား ဒုတိယနေရာမှ အေစီမီလန်နှင့် ၁၆ မှတ် ကွာခြားလျက် တတိယနေရာ၌ တည်ရှိနေသည်။ နောက်ထပ်ပွဲစဉ်အဖြစ် ပါလာမိုနှင့် ကာတာနီရာအသင်းတို့ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ကာတာနီရာအတွက် ဂိုးကို ပွဲချိန် ၂၈ မိနစ်၌ လီဂရိုတာဂလီက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ပါလာမိုအသင်းအတွက် ချေပဂိုးကို ၄၇ မိနစ်၌ မီကိုလီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ရိုးမားနှင့် နာပိုလီတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။

## စတုဂတ်ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာဖိုင်နယ်ပွဲတက်ရောက်

*ဘာလင် ဧပြီ ၂၉*

*ဂျာမနီနိုင်ငံ စတုဂတ်မြို့တွင် ကျင်းပလျက်ရှိသော စတုဂတ်ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း အကြို ဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၉ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ရှာရာပိုဗာက ဇစ်တိုဗာကို အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။*





*ယှဉ်ပြိုင်ခဲ့ရ*

*ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ချက်တင်းနစ်မယ်ဇစ်တိုဗာအား ၆-၄၊ ၇-၆ (၇-၃)ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်ကို ရှာရာပိုဗာ အနိုင်ရရှိရန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။*

*နောက်ထပ်အကြိုဗိုလ်လုပွဲစဉ်တစ်ပွဲအဖြစ် ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာနှင့် ပိုလန်တင်းနစ်မယ် ရက်ဒ်ဝမ်စကာတို့ယှဉ်ပြိုင်ရာ အဇာရင်ကာက ၆-၁၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ယခုပွဲတွင် အဇာရင်ကာ အနိုင်ရရှိရန် ပွဲကစားချိန် နှစ်နာရီခန့် ယှဉ်ပြိုင်ကစားခဲ့ရသည်။*

*နောက်ဆုံးဗိုလ်လုပွဲ၌ ရှာရာပိုဗာနှင့် အဇာရင်ကာတို့ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ (အင်တာနက်)*

## ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဘရာဇီးရေကူးမယ် မိုလီနာ ရွှေတံဆိပ်ရယူမည်

***ရီယိုဒီဂျနေးရိုး ဧပြီ ၂၉***

*၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် မိမိရွှေတံဆိပ်ရယူမည်ဖြစ်ကြောင်း ဘရာဇီးရေကူးမယ်မိုလီနာက ဧပြီ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။* ***(အောက်ပုံ)***

*ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဧပြီ ၂၈ ရက်က ကျင်းပသည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် လူရွေးပွဲတွင် မီတာ ၁၀၀ လက်ပစ်ကူးမယ် မိုလီနာက ၁ မိနစ် ဒသမ ၇၄ စက္ကန့်ဖြင့် ထိပ်ဆုံးမှပန်းဝင်ခဲ့ပြီးနောက် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ အမျိုးသမီးမီတာ ၁၀၀ လက်ပစ်ကူးပြိုင်ပွဲတွင် မိုလီနာက ပထမ၊ မာနူဒူက ၁ မိနစ် ၀၁ ဒသမ ၁၂ စက္ကန့်ဖြင့် ဒုတိယ၊ ဟီနာရိုက ၁ မိနစ် ၀၂ ဒသမ ၃၄ စက္ကန့် ဖြင့် တတိယ အသီးသီးရရှိခဲ့သည်။*

*အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်သည့် ဘရာဇီးရေကူးမယ် မိုလီနာသည် ပြီးခဲ့သည့်နှစ် ဧပြီလက ပြုလုပ်ခဲ့သော ရေကူးပြိုင်ပွဲ၌ တားမြစ်ဆေးသုံးစွဲမှုကြောင့် ခြောက်လကစားခွင့်ပိတ်ပင်ခြင်းခံခဲ့ရသူဖြစ်သည်။ မိုလီနာသည် ယခုအခါ ခင်ပွန်းဖြစ်သူဘရာဇီးရေကူးသမားဒိုင်ဂိုယာဘီနှင့်အတူ ရေကူးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ သူမသည် ၂၀၁၆ ခုနှစ် ရီယိုဒီဂျနေးရိုး အိုလံပစ်၌ ဆက်လက်ပါဝင်ဆင်နွှဲနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။* ***(အင်တာနက်)***



ဘရာဇီးရေကူးမယ် မိုလီနာ

မြင့်မောင်စိုး – စုစည်းသည်



နော့ဝှစ်နှင့် ပွဲတွင် တိုက်စစ်မှူး ဆွာရက်ဇ်၏ ခြေစွမ်းပြကစားမှုကို ဤသို့ တွေ့ရသည်။

# လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ် အံ့မခန်းခြေစွမ်းပြကစား

**လန်ဒန် ဧပြီ ၂၉**

ပရီမီယားလိဂ်ပွဲစဉ် (၃၆) ပြိုင်ပွဲများကို ဧပြီ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ လီဗာပူးအသင်းနှင့် နော့ဝှစ်တို့ပွဲတွင် လီဗာပူးက သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ အနိုင်ဂိုးများကို လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်က သုံးဂိုးစလုံး ဟက်ထရစ်အဖြစ် သွင်းယူသွားခဲ့သည်။

တိုက်စစ်မှူးဆွာရက်ဇ်၏ ဂိုးသွင်းစွမ်းရည်ကြောင့် လာမည့်သီတင်းပတ်တွင် ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် ပြိုင်ဘက်ချယ်လ်ဆီးကို ခြိမ်းခြောက်လိုက်သည်။ ဆွာရက်ဇ်၏ ပွဲပြီးရန် ရှစ်မိနစ်အလိုတွင် ကွင်းလယ်မှကန်သွင်းလိုက်သည့်ဘောလုံးသည် နော့ဝှစ်ဂိုးသမား ရွှန်ရွတ်ဒီကိုကျော်ပြီး လှလှပပဂိုးဝင်သွားခဲ့သည်။

**သွင်းပြသွားခဲ့**

တိုက်စစ်မှူးဆွာရက်ဇ်သည် ယင်းပွဲ၌ ကမ္ဘာတွင်အကောင်းဆုံးဘောလုံးသမားအဖြစ် ပြသနိုင်ခဲ့သည်။ "ဒီနေ့ကတော့ ဆွာရက်ဇ်နေ့လို့ ပြောရမလိုပါပဲ။ တကယ်ပဲ အံ့မခန်းဂိုးတွေ သွင်းပြသွားခဲ့တာအံ့သြစရာပါပဲ။ သူဟာ နောက်ထပ်နှစ်ဂိုး၊ သုံးဂိုးလောက်တောင်သွင်းနိုင်ပါသေးတယ်"ဟု လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောကြားသည်။ **(အင်တာနက်)**



## ဘားနတ်ဟုတ်ကင်းစ်အား ဒေါ်ဆင် အမှတ်ဖြင့်အနိုင်ယူ

**နယူးယောက် ဧပြီ ၂၉**

ချတ်ဒေါ်ဆင်နှင့် တစ်ကျော့ပြန်ဘားနတ်ဟုတ်ကင်းစ်တို့သည် ဧပြီ ၂၉ ရက်က ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗလျူဘီစီ) လိုက်ဟဲဗီးဝိတ်တန်းပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ ဒေါ်ဆင်က အမှတ်ဖြင့်အနိုင်ရရှိသွားခဲ့သည်။

**ထိုးသတ်ခဲ့**

ဒေါ်ဆင်နှင့်ဟုတ်ကင်းစ်တို့သည် အောက်တိုဘာလအတွင်းက လော့စ်အိန်ဂျလိစ်မြို့၌ ထိုးသတ်ခဲ့ကြရာ အငြင်းပွားဖွယ်အဆုံးအဖြတ်များကြောင့် စိတ်မကျေပွဲအဖြစ် ပြန်လည်ထိုးသတ်ခဲ့ကြခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဒေါ်ဆင်သည် လက်ဝှေ့သမားသက်တမ်းတစ်လျှောက် ၃၁ ပွဲထိုးသတ်ခဲ့ရာတွင် ၁၇ ပွဲမှာ အလဲထိုးအနိုင်ပွဲဖြစ်သည်။ ဟုတ်ကင်းစ်သည် ဆဋ္ဌမအချီနှင့် သတ္တမအချီတို့အထိသာ ကောင်းစွာထိုးသတ်နိုင်ခဲ့သည်။ စောစောပိုင်းအချီများတွင် ဟုတ်ကင်းစ်က အသာစီးဖြင့် ထိုးနိုင်ခဲ့သည်။ စတုတ္ထအချီတွင် ဟုတ်ကင်းစ်၏လက်သီးချက်ကြောင့် ဒေါ်ဆင်၏ညာဘက်မျက်ခုံးကွဲသွားခဲ့သည်။ နောက်ပိုင်းအချီများတွင် ဒေါ်ဆင်က ဟုတ်ကင်းစ်အား ဘယ်ညာတွဲလုံးများသုံးပြီး တရစပ်ထိုးသတ်ခဲ့သဖြင့် ဒေါ်ဆင် အမှတ်ဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဂျာမနီကွင်းလယ်ကစားသမားမာရင်အား ချယ်လ်ဆီးငါးနှစ်စာချုပ်မည်

**လန်ဒန် ဧပြီ ၂၉**

ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက် ချယ်လ်ဆီးအသင်းသည် ဂျာမနီကွင်းလယ်ကစားသမား မာကိုမာရင်အား ဘွန်ဒက်စ်လီဂါကလပ် ဝဲဒါဘရီမင်မှ ခေါ်ယူမည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်တွင် ချယ်လ်ဆီးက အတည်ပြုပြောကြားသည်။



အသက် ၂၃ နှစ်ရှိ မာရင် **(ယာပုံ)**သည် ရာသီအကုန်တွင် ချယ်လ်ဆီးသို့ လာရောက်ကစားတော့မည်ဖြစ်သည်။ ချယ်လ်ဆီးက ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ငါးနှစ်သက်တမ်းစာချုပ်ချုပ်ရန် သဘောတူထားသည်။

"ချယ်လ်ဆီးဟာ ကျွန်တော့်ရဲ့အိပ်မက်ကလပ်ဖြစ်ပါတယ်" ဟု အဆိုပါ ကစားသမားက ပြောကြားသည်။ ၎င်းသည် စပါးအသင်း၏ စိတ်ဝင်စားမှုခံရသူလည်းဖြစ်သည်။ မာရင်သည် ဂျာမနီအသင်းတွင် (၁၆)ကြိမ်ပါဝင်ကစားပေးခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဂျာမနီအသင်းမှ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ မာရင်အား ၂၀၀၉ ခုနှစ်က ဝဲဒါဘရီမင်အသင်းက မိုချန်ဂလာဘတ်အသင်းမှ ယူရို ၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာသဟိန်း–စုစည်းသည်



space X အာကာသကုန်တင်ယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် လေတပ်အခြေစိုက်စခန်းမှ ဖာကွန် ၉ အမည်ရှိ ဒုံးပျံဖြင့်လွှတ်တင်ရန် ဤသို့ပြင်ဆင်ထားသည်။

# space X အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ မကြာမီလွှတ်တင်မည်

ဝါရှင်တန် ဧပြီ ၂၉

နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ space X အမည်ရှိ အာကာသကုန်တင်ယာဉ်ကို လာမည့်မေ ၇ ရက်တွင်လွှတ်တင်ရန် စီစဉ်ထားကြောင်း ဥရောပအာကာသအေဂျင်စီမှ ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရွှေ့ဆိုင်း**

ယင်းအာကာသကုန်တင်ယာဉ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် လေတပ်အခြေစိုက်စခန်းမှ ဖာကွန် ၉ အမည်ရှိ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။ မူလက ဧပြီ ၃၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း အာကာသကုန်တင်ယာဉ်တွင် စစ်ဆေးမှုများ ထပ်မံလိုအပ်နေခြင်းကြောင့် သီတင်းတစ်ပတ် ထပ်မံရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

**သယ်ဆောင်သွားမည်**

အဆိုပါ ကုန်တင်ယာဉ်ကို မေ ၇ ရက် နံနက် ၉ နာရီ ၃၈ မိနစ်၌ လွှတ်တင်ရန်စီစဉ်ထားသည်။ အာကာသကုန်တင်ယာဉ်နှင့်အတူ ဓာတ်ခွဲခန်းပစ္စည်းများ၊ အသုံးအဆောင်နှင့် စားနပ်ရိက္ခာများ စုစုပေါင်း အလေးချိန် ၁၁၄၉ ပေါင် သယ်ဆောင်သွားမည်ဖြစ်သည်။

ယခု အာကာသကုန်တင်ယာဉ်သည် ပုဂ္ဂလိကမှလွှတ်တင်သော ပထမဆုံး အာကာသကုန်တင်ယာဉ်ဖြစ်ပြီး မြေပြင်စခန်းသို့ ပြန်လည်ဆင်းသက်လာပါက နိုင်ငံတကာအာကာသယာဉ်စခန်းမှ အသုံးမလိုတော့သောပစ္စည်းများ အလေးချိန် ၁၄၅၅ ပေါင်ကို ပြန်လည်သယ်ယူလာမည်ဖြစ်သည်။ **(အင်တာနက်)**



# အနာဂတ်အာကာသခရီးစဉ်များစေလွှတ်ရန် စကိုင်းလွန်အာကာသယာဉ်အင်ဂျင်စမ်းသပ်

လန်ဒန် ဧပြီ ၂၉

အာကာသခရီးစဉ်များ မောင်းနှင်ပျံသန်းနိုင်ရန်အတွက် အထူးတီထွင်ပြုလုပ်ထားသောစကိုင်းလွန်အာကာသယာဉ်အတွက် လေယာဉ်အင်ဂျင်ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဗြိတိန်အာကာသသိပ္ပံပညာရှင်များက ဧပြီ ၂၈ ရက်၌ ထုတ်ပြန်လိုက်သည်။ **(ဝဲပုံ)**

အဆိုပါ စကိုင်းလွန်အာကာသယာဉ်အင်ဂျင်ကို စတင်စမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး အနာဂတ်အာကာသခရီးစဉ်များ၌ ၎င်းအင်ဂျင်များကိုသာ အသုံးပြုသွားရန် စီစဉ်နေခြင်းဖြစ်သည်။ အင်ဂျင်ကိုစမ်းသပ်ရာတွင် လေယာဉ်ပြေးလမ်းမှ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အဟုန်ပြင်းစွာဖြင့် ရောက်ရှိသွားရန် စွမ်းအားရှိ မရှိကို ဗြိတိန်သိပ္ပံပညာရှင်များက စမ်းသပ်နေခြင်းဖြစ်သည်။ ယခင်အာကာသယာဉ်ခရီးစဉ်များကဲ့သို့ ဒုံးပျံယာဉ် တွန်းကန်အားဖြင့် အာကာသယာဉ်များ လွှတ်တင်ခြင်းမပြုဘဲ စကိုင်းလွန်အာကာသယာဉ်ဖြင့် တိုက်ရိုက်မောင်းနှင်ပျံသန်းမည်ဖြစ်သည်။

၎င်းစကိုင်းလွန်အာကာသယာဉ်အင်ဂျင်ကို ဂျက်လေယာဉ်နှင့်ဒုံးပျံတွင် အသုံးပြုသောအင်ဂျင်များကိုအခြေခံကာ စွမ်းအားမြင့်မားသော အင်ဂျင်ဒီဇိုင်းအသစ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းအင်ဂျင်တွင် အလိုအလျောက်အအေးပေးစနစ်လည်း ထည့်သွင်းတပ်ဆင်ထားသည်။

**(အင်တာနက်)**

# အင်္ဂါဂြိုဟ်မျက်နှာပြင်၌ မီးတောင်ကြီးများတွေ့ရှိ

ဝါရှင်တန် ဧပြီ ၂၉



နာဆာမှ စေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှပေးပို့သောဓာတ်ပုံများအရ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် အလွန်ကြီးမားသည့် မီးတောင်များတွေ့ရှိရကြောင်း နာဆာသိပ္ပံပညာရှင်များက ဧပြီ ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် အလွန်ကြီးမားသော မီးတောင်တစ်ခုနှင့်အရွယ်အစားတူညီသော မီးတောင်သုံးလုံးကိုလည်း တွေ့ရှိခဲ့သည်။ အဆိုပါမီးတောင်ထိပ်ဝများတွင် ဓာတ်ငွေ့သို့မဟုတ် ချော်ရည်များထွက်ရှိခဲ့သည့်အနေအထားမျိုးဖြစ်ပေါ်လျက်ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ မီးတောင်များသည် အင်္ဂါဂြိုဟ်မျက်နှာပြင်၌ လွန်ခဲ့သောနှစ်သန်းပေါင်း ၁၀၀ မှ ၂၅၀ အတွင်း လှုပ်ရှားမှုများနှင့်ပေါက်ကွဲမှုများဖြစ်ပေါ်ကာ ချော်ရည်များ အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ စီးဆင်းခဲ့ကြောင်း သုတေသနပြုတွေ့ရှိခဲ့ကြသည်။

ယခုတွေ့ရှိမှုသည် လာမည့်အနာဂတ်ကာလ၌ အင်္ဂါဂြိုဟ်သို့စေလွှတ်မည့် အာကာသခရီးစဉ်များအတွက် မည်သည့်အချက်ကိုဦးစားပေးလေ့လာရမည်ကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်



# အလွန်အားကောင်းသော ချစ်ပြားသစ် ဆမ်ဆောင်းမှထုတ်လုပ်ပြီ

ဆိုးလ် ဧပြီ ၂၉

ဆမ်ဆောင်းကုမ္ပဏီက နောက်ထုတ်လုပ်မည့် စမတ်ဖုန်းများတွင် အလွန်အားကောင်းသော ချစ်ပြားအမျိုးအစားသစ်တစ်ခုဖြစ်သည့် quad-core processor များ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ကြေညာထားသည်။

**ရောင်းအားအကောင်းဆုံး**

အဆိုပါ processor သည် ချစ်ပြားလေးခုပါသည့် Exynos 4 Quad ဖြစ်သည်။ **(အပေါ်ပုံ)**ဗြိတိသျှ Arm Holdings ကုမ္ပဏီက ဒီဇိုင်းထုတ်လုပ်ပေးထားသည်။ ဆမ်ဆောင်းကုမ္ပဏီက Glaxy ဖုန်းအမျိုးအစားသစ်ကို လာမည့် မေ ၃ ရက်တွင် လန်ဒန်တွင် ထုတ်ဖော်ပြသပေးမည်။ Glaxy S2 ဟုအမည်ပေးထားသည့် စမတ်ဖုန်းသည် ဆမ်ဆောင်းကုမ္ပဏီ၏ရောင်းအားအကောင်းဆုံးစမတ်ဖုန်းဖြစ်သည်။

**နှစ်ဆမြန်**

ဆမ်ဆောင်းကုမ္ပဏီက အခြားသောဟမ်းဆက်ထုတ်လုပ်သည့် ကုမ္ပဏီကြီးများကိုလည်း ၎င်းချစ်ပြားအမျိုးအစားသစ်များ ဖြန့်ဝေပေးမည်ဟုဆိုသည်။ အဆိုပါချစ်ပြား၏မြန်နှုန်းမှာ တစ် core လျှင် 1.4 GHz ဖြစ်သည်။

ယခင်ထုတ်လုပ်ထားသည့် ချစ်ပြားထက် မြန်နှုန်းနှစ်ဆရှိသည်ဟုသိရသည်။ ဘက်ထရီအားကုန်ကျသက်သာမှုမှာလည်း Exynos 4 Dual ထက် ၂၀ ရာခိုင်နှုန်းပိုနည်းသည်။ **(အင်တာနက်)**

# ဆမ်ဆောင်းက နိုကီယာကို ကျော်ပြီ

ဆိုးလ် ဧပြီ ၂၉



ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီသည် ဖင်လန်နိုင်ငံ၏အဓိက မိုဘိုင်းလ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သော နိုကီယာကိုကျော်ပြီး ကမ္ဘာ့မိုဘိုင်းလ်ဖုန်းအများဆုံးထုတ်လုပ်သည့်ကုမ္ပဏီဖြစ်လာကြောင်း ဧပြီ ၂၇ ရက်က ဈေးကွက်မဟာဗျူဟာလေ့လာသုံးသပ်ရေးအဖွဲ့က ပြောကြားလိုက်သည်။

**ရောင်းချနိုင်ခဲ့**

နိုကီယာသည် ၁၉၉၆ ခုနှစ်က မော်တိုရိုလာကုမ္ပဏီထံမှ လွှဲပြောင်းပြီး ကမ္ဘာ့မိုဘိုင်းလ်ဖုန်းအများဆုံးထုတ်လုပ်ပေးသည့် ကုမ္ပဏီဖြစ်လာခဲ့သည်။ သို့သော်လည်း ၂၀၁၂ ခုနှစ် ပထမသုံးလအတွင်း ဆမ်ဆောင်းက ကမ္ဘာတစ်ဝန်းသို့ မိုဘိုင်းလ်ဖုန်း တင်ပို့ရောင်းချမှုသည် စုစုပေါင်း ၉၃ သန်းအထိရှိခဲ့သည်။ ထိုအချိန်တွင် နိုကီယာက ၈၃ သန်းအထိသာ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ဆမ်ဆောင်းကုမ္ပဏီသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း အမြတ်ဝင်ငွေလေးဆအထိ တိုးတက်မြင့်မားလာသည်။ မတ် ၃၁ ရက်အထိ ပထမဆုံးလအတွင်း ဆမ်ဆောင်းကုမ္ပဏီ၏ အသားတင်အမြတ်ဝင်ငွေမှာ ကိုရီးယားဝမ် ၅ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ)အထိ ရှိခဲ့သည်။ ဆမ်ဆောင်းကုမ္ပဏီသည် ဟမ်းဆက်များအပြင် ကမ္ဘာ့ TV နှင့် Flat TV အများဆုံးထုတ်လုပ်သည့်ကုမ္ပဏီကြီးဖြစ်လာခဲ့သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**




# လစဉ်လူပေါင်း သန်း ၂၀၀ ကျော်အား ဂူဂဲလ်မှ အခမဲ့ဘာသာပြန်ပေးနေ

လော့စ်အိန်ဂျလိစ် ဧပြီ ၂၉

ဂူဂဲလ်အွန်လိုင်းပေါ်တွင် အခမဲ့ဘာသာပြန်အသုံးပြုသူ လစဉ်လူပေါင်းသန်း ၂၀၀ ကျော်ရှိကြောင်း ၎င်းကုမ္ပဏီက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။ **(ဝဲပုံ)**

**စီစဉ်သွားမည်**

မိမိတို့အနေဖြင့် လစဉ်စာအုပ်ပေါင်း တစ်သန်းထက်မနည်းအခမဲ့ဘာသာပြန်ဆိုပေးနေကြောင်း ဂူဂဲလ်ဘာသာပြန်အင်ဂျင်နီယာ ဖရန့်အို့ချ်က ပြောကြားသည်။ မိမိတို့အနေဖြင့် အနာဂတ်တွင် ကမ္ဘာ့မည်သည့်နေရာမှမဆို ဂူဂဲလ်ဝက်ဘ်ဆိုက်ကိုသုံးပြီး ဘာသာပြန်ဆိုအသုံးပြုနိုင်အောင် စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မစ္စတာဖရန့်အို့ချ်သည် ၂၀၀၃ ခုနှစ်က ကယ်လီဖိုးနီးယားအခြေစိုက် ဂူဂဲလ်သို့ အလုပ်မဝင်မီ အမေရိကန်လက်နက်သုတေသနဌာနတွင် ကွန်ပျူတာဖြင့် ဘာသာပြန်ခြင်းအလုပ်ကို လုပ်ကိုင်ခဲ့သူဖြစ်သည်။ ဂူဂဲလ်သို့ မစ္စတာဖရန့်အို့ချ်ရောက်လာပြီးနောက် ဂူဂဲလ်ဝက်ဘ်ဆိုက်မှတစ်ဆင့် အခမဲ့ဘာသာပြန်ဆိုပေးသည့်လုပ်ငန်းသည် တစ်ဟုန်ထိုး တိုးတက်များပြားလာခဲ့သည်။

ယခုအခါ မိမိတို့ဂူဂဲလ်ဝက်ဘ်ဆိုက်မှတစ်ဆင့် ဘာသာစကား ၆၄ မျိုးအထိ ဘာသာပြန်ဆိုပေးနိုင်ပြီဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ စမတ်ဖုန်းများမှတစ်ဆင့်လည်း ဘာသာပြန်ပေးနိုင်သည်ဟုဆိုသည်။ ထိုသို့ဘာသာပြန်ပေးခြင်းမှာ အမေရိကန်နိုင်ငံ၏ အပြင်ဘက်မှ ၉၂ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ ကမ္ဘာတစ်ဝန်းမှ ဘာသာပြန်အများဆုံးသည် ဂူဂဲလ်တွင် အသုံးပြုနေကြပြီဖြစ်သည်။ **(အင်တာနက်)**

30-4 (15).pmd 1 4/30/2012, 2:31 AM

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ည ၇ နာရီတွင် ခေတ္တတည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်၌ သတင်းဌာနများမှ ကိုယ်စားလှယ်များအားတွေ့ဆုံ၍ မေးမြန်းချက်များကို ဖြေကြားသည်။

တွေ့ဆုံခဲ့သည့် သတင်းဌာနများမှ ကိုယ်စားလှယ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်း၊ ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးကိုကို၊ ဆဲဗင်းဒေးနယူးဂျာနယ်မှ ဒေါ်အေးမြကျော်၊ ဝီကလီးအလဲဗင်းဂျာနယ်မှ ဦးသန်းဇော်ထွန်းနှင့် မြန်မာတိုင်းမ်ဂျာနယ်မှ ဦးဆန်းဦးတို့ ဖြစ်ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၁-၂၀၁၂ ခုနှစ် တစ်နှစ်လုံး ဓာတ်အားပေးစက်ရုံများမှ ကီလိုဝပ်နာရီသန်းပေါင်း ၉၁၀၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့

## တိုးတက်လိုအပ်လာသော လျှပ်စစ်ဓာတ်အားများ နှစ်စဉ်တိုးတက်ထုတ်လုပ်နိုင်ရေး အမြဲမပြတ်ကြိုးစားဆောင်ရွက်

နေပြည်တော် ဧပြီ ၂၉

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ယနေ့ နံနက်ပိုင်းတွင် ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး Switch Yard ဝင်းရှိ Current Transformer များနှင့် Circuit Breaker များကိုလည်းကောင်း၊ စက်ရုံမြေအောက်ခန်းရှိ ပင်မထရန်စဖော်မာများကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံအတွင်း ဂျင်နရေတာများတပ်ဆင်ထားသော အထပ်သို့သွားရောက်ပြီး လျှပ်စစ်ဓာတ်အားပေးဂျင်နရေတာများနှင့် Control Panel များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**





အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဓာတ်အားထုတ်လုပ်ဆောင်ရွက်မှုနှင့် ပတ်သက်သော အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဓာတ်အားထိန်းချုပ်မောင်းနှင်ခန်း(Control Room) သို့ရောက်ရှိပြီး စက်ရုံမှူးက ဓာတ်အားထုတ်လုပ်ပို့လွှတ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ မဟာဓာတ်အားလိုင်း၏ နာရီအလိုက် လျှပ်စစ်လိုအပ်ချက်အပေါ် ထိန်းညှိလျက် ဓာတ်အားထုတ်လုပ်ပေးရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**တက်ရောက်**

ယင်းနောက် ဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ ဓာတ်အားထုတ်လုပ်ဆောင်ရွက်မှုနှင့် ပတ်သက်သောအစည်းအဝေးကို ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပေါင်းလောင်း၊ ခပေါင်း၊ ကွန်းချောင်း၊ ရဲနွယ်၊ ရွှေကျင်၊ ဇောင်းတူ၊ မုန်း၊ ကြီးအုံကြီးဝ၊ ရဲရွာ၊ ကျိုင်းတောင်း၊ တီကျစ်၊ ကင်းတား၊ ဆည်တော်ကြီး၊ သဖန်းဆိပ်၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)၊ ရွှေလီ(၁) လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများ တက်ရောက်ကြသည်။

စက်ရုံမှူးများက ၂၀၁၂ ခုနှစ်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေ၊ ၂၀၁၁ ခုနှစ်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခဲ့မှုအခြေအနေနှင့် နှိုင်းယှဉ်ချက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးက ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းအောက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ နှစ်အလိုက်ဓာတ်အားထုတ်လုပ်ပေးနိုင်ခဲ့မှု အခြေအနေ၊ ဆက်လက်ထုတ်လုပ်ပေးမည့် အစီအစဉ်နှင့် လျာထားချက်များကို ခြုံငုံသုံးသပ်ရှင်းလင်းတင်ပြသည်။

ထိုသို့ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားရာတွင် မိမိတို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ခြင်းနှင့် ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်စွမ်းအားပြည့်ထုတ်လုပ်၍ ထုတ်လုပ်ရရှိလာသော လျှပ်စစ်ဓာတ်အားအား လက်ကားရောင်းချခြင်းလုပ်ငန်းကို အဓိကဆောင်ရွက်ကြောင်း၊ ရောင်းချရာတွင် မိမိတို့ဓာတ်အားပေး စက်ရုံများ၏ Switch Yard ၏အဝမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မဟာဓာတ်အားလိုင်းသို့ တိုက်ရိုက်လက်ကားရောင်းချပေးကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မိမိတို့ဓာတ်အားပေးစက်ရုံများမှ ရောင်းချပေးသော လျှပ်စစ်ဓာတ်အားများကိုဝယ်ယူ၍ မဟာဓာတ်အားလိုင်းဖြင့်သယ်ယူပြီး ၎င်းဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားများနှင့် ပေါင်းစပ်ပြီးလျှင် ရန်ကုန်မြို့သို့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှတစ်ဆင့်လည်းကောင်း၊ အခြားမြို့နယ်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တစ်ဆင့်လည်းကောင်း ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားပေးစက်ရုံမှူးများကို အထူးမှာကြားလိုသည်မှာ နွေရာသီ၌ ပြည်သူများသည် ရာသီဥတုပူပြင်းလာမှုကြောင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြသဖြင့် မဟာဓာတ်အားလိုင်း၏လိုအပ်ချက်နှင့် တောင်းခံမှုအပေါ် မူတည်၍ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရောင်းချပေးမှုကို ထိန်းညှိထုတ်လုပ်ပေးရန်လိုအပ်ကြောင်း၊ တစ်နာရီနှင့်တစ်နာရီ ဓာတ်အားလိုအပ်ချက်မတူသကဲ့သို့ နေ့အချိန်နှင့် ညအချိန် ဓာတ်အားလိုအပ်ချက်သည်လည်း မတူညီကြောင်း၊ ဥပမာအားဖြင့် ဧပြီ ၁၉ ရက်က တစ်နိုင်ငံလုံး၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ကြည့်လျှင် ည ၇ နာရီသည် သုံးစွဲမှုအမြင့်ဆုံးအချိန်ဖြစ်ပြီး ထိုအချိန်၌ ၁၅၉၁ မဂ္ဂါဝပ်သုံးစွဲခဲ့ပြီး နံနက် ၄ နာရီသည် သုံးစွဲမှုအနိမ့်ဆုံးအချိန်ဖြစ်၍ ၉၃၄ မဂ္ဂါဝပ်သာသုံးစွဲခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ***စာမျက်နှာ ၉ ကော်လံ ၃*** ◆

**မြန်မာ့အလင်း ယနေ့ သတင်း အညွှန်း**



လာမည့်မေ ၂၀ ရက်၌ နေကြတ်မှုဖြစ်ပေါ်နိုင် ပြည်သူများ မျက်မှန်တပ်ပြီးကြည့်ရှုရန်လိုအပ် စာ-၄

အင်တာပရိုက်အာကာသယာဉ် ဂျွန်အက်ဖ်ကနေဒီလေဆိပ် ရောက်ရှိ စာ-၄





အင်န်ဂျီအိုများအရေး ကုလလူ့အခွင့်အရေး မဟာမင်းကြီး ရတက်မအေး စာ-၅

လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ် အံ့မခန်းခြေစွမ်းပြကစား စာ-၁၁

